# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 14 August 2024 ၁၁၅၄၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C) ၌ ကျင်းပသည့် လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများ ပြုလုပ်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C) ၌ ကျင်းပသည့် လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ဦးစွာ Digital Transformation and innovation ဗီဒီယိုကို ပြသပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မော်တော်ယာဉ် နည်းပညာ သုတေသနဌာနမှ သုတေသနအရာရှိ ဒေါက်တာ စိုးထက်ဝေ၊ ATOM Myanmar မှ Senior Vice Present ကိုလွင်ထူးကို၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သဉ္ဇာမေဖူးဝေနှင့် နိုင်ငံတကာ ခေါင်းဆောင်မှု တက္ကသိုလ်မှ IT Specialist ကိုဥက္ကာမောင်တို့က **"ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းခြင်းနှင့် ပြောင်းလဲဆန်းစစ်ခြင်း ကဏ္ဍ"** ခေါင်းစဉ်ဖြင့် မျက်မှောက်ခေတ်တွင် ဒစ်ဂျစ်တယ်


**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**





လူငယ်ဖိုရမ်တွင် "စီးပွားရေး တိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။

# ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ရတနာကုန်သည် တစ်ဦး စိတ်ကြိုက်လေ့လာကြည့်ရှုနေစဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တင်ဒါအမှတ်(၁)ဖြစ်သည့် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ် (၁၁၅) အထိနှင့် တင်ဒါအမှတ်(၂) ဖြစ်သည့် ပုလဲအတွဲအမှတ် (၁၁၆)မှ ပုလဲအတွဲ အမှတ် (၂၃၀) အထိကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြကာ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


## ယနေ့ ဖတ်စရာ


**၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်များ လှည့်လည်လေ့လာ**

စာမျက်နှာ » ၇

**ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း**

စာမျက်နှာ » ၁၀

ကြေးမုံ

# နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်တင်

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအစီရင်ခံစာအရ မြန်မာနိုင်ငံရှိ လူဦးရေစုစုပေါင်း၏ ၃၃ ရာခိုင်နှုန်းကျော်သည် လူငယ်များဖြစ်သည့်အတွက် မြန်မာနိုင်ငံသည် လူငယ်ထုအင်အား သို့မဟုတ် လူ့စွမ်းအားအရင်းအမြစ်အင်အားများပြားသည့် အခြေအနေကောင်းများ ပိုင်ဆိုင်ထားသောနိုင်ငံဖြစ်သည်။ ထိုသို့အင်အားကောင်းမွန်သည့် လူငယ်ထုအင်အားကို ကောင်းစွာပြုစုပျိုးထောင်ပြီး နိုင်ငံတော်အနာဂတ်အတွက် ဖန်တီးတည်ဆောက်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသော လူမှုရေးဦးတည်ချက်၏ တတိယအချက်တွင် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" အချက်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လူငယ်များသည် နိုင်ငံ၏အနာဂတ်ကို ကောင်းမွေ၊ ဆိုးမွေတို့ ဖန်တီးနိုင်သူများဖြစ်၍ လူငယ်များအား လမ်းမှားပေါ်သို့ မရောက်ရှိစေဘဲ မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် ဖြောင့်တန်းစွာလျှောက်လှမ်းနိုင်ရန်အတွက် ဝိုင်းဝန်းတည့်မတ်ပေးကြရမည်ဖြစ်သည်။

ယနေ့လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြမည့်သူများဖြစ်သည်။ အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ့အရင်းအမြစ်များဖြစ်သည်။ တစ်နည်းဆိုလျှင် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်သည်။ လူငယ်များကို ပညာတတ်မြောက်ရေးသက်သက်သာမဟုတ်ဘဲ စနစ်တကျ မှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည်။ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံသူ လူငယ်များဖြစ်မှသာ နိုင်ငံကို ကောင်းမွန်အောင်တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအား ဗလငါးတန်နှင့် ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်သွားကြရမည်ဖြစ်သည်။

"စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ထူးချွန်ထက်မြက်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ တွေးခေါ်နိုင်စွမ်းရှိပြီး အကျင့်စာရိတ္တကောင်းမွန်သည့်၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် လူကောင်းလူတော်များဖြင့်သာ ဖန်တီးဖော်ဆောင်နိုင်မည်ဖြစ်သောကြောင့် နိုင်ငံ၏အနာဂတ်အတွက် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကော်မတီများနှင့် တာဝန်ရှိသူအားလုံးက ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစွာဖြင့် ကြိုးပမ်းအားထုတ်သွားကြရန်" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သည်။

မျိုးဆက်သစ်လူငယ်လူရွယ်များကို မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန်အတွက် ပထမဦးစွာ မိဘ၊ ဆရာသမားများနှင့် လူငယ်များ၏ ရပ်တည်လှုပ်ရှားနေသော ပတ်ဝန်းကျင်အခြေအနေပေါ်တွင် အဓိက မူတည်သည်။ ထို့နောက် လူငယ်များနှင့်သက်ဆိုင်သည့် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများနှင့် သက်ဆိုင်နေပေသည်။ လူငယ်များသည် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်သည့် ပတ်ဝန်းကျင်တွင် လှုပ်ရှားဆောင်ရွက်ပြီး လူငယ်လူရွယ်များ ဘက်စုံထူးချွန်ထက်မြက်ကာ အတတ်ပညာရှင်၊ အသိပညာရှင်များ ထွက်ပေါ်လာစေရေး၊ ဗလငါးတန်ပြည့်စုံစေရေးနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် ရောက်ရှိစေရေး၊ နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်လာစေရေးအတွက် အားလုံးက မျက်ခြည်မပြတ် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မျိုးဆက်သစ်လူငယ်များ နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရေးအတွက် လူငယ့်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လူငယ်ရေးရာကော်မတီတို့ကိုဖွဲ့စည်းပြီး အကောင်အထည်ဖော်လျက်ရှိသည်။ ယခုအခါ ယခင်နှစ်များနှင့်မတူဘဲ လူငယ်များကို ဖိတ်ကြားပြီး လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ ပိုမိုအားကောင်းစေရန်၊ အရည်အသွေးပြည့်မီပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန်၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုလုပ်ငန်းများ အားပေးမြှင့်တင်နိုင်ရန်အတွက် Polytechnic University ရှစ်ခုကို ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီသည့် နည်းပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ရာ နည်းပညာကျွမ်းကျင်သည့် လူငယ်များပူးပေါင်းပါဝင်မှုဖြင့် နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။ ။



## လွိုင်မွေတောင်စခန်းမြို့၌ ချယ်ရီပင် ၂၇၀၀ စိုက်ပျိုးပွဲကျင်းပ

ကျိုင်းတုံ ဩဂုတ် ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေတောင် အတက်လမ်း/အဆင်းလမ်း တစ်လျှောက်နှင့်လွိုင်မွေကန်ပတ်လည်တို့တွင် ၂၀၂၄ ခုနှစ် မိုးရာသီ ချယ်ရီပင် ၂၇၀၀ စိုက်ပျိုးပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက လွိုင်မွေတောင်စခန်းမြို့၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက လွိုင်မွေတောင်စခန်းမြို့တွင် နှစ်စဉ်ချယ်ရီပန်းပွဲတော် ကျင်းပနိုင်ရေးအတွက် ယခင်ရှိပြီးသား ချယ်ရီပင်များကိုသာမက ယခုစိုက်ပျိုးသည့် ချယ်ရီပင်များ ရှင်သန်ကြီးထွားရေး ဝိုင်းဝန်းကူညီထိန်းသိမ်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲထွန်းတို့က လွိုင်မွေဒေသတွင် ချယ်ရီပင် ၂၇၀၀ စိုက်ပျိုးနိုင်ရေး လှူဒါန်းပေးသည့် အလှူရှင် နဂါးနှစ်ကောင်ကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ခင်အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး တက်ရောက်လာကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ချယ်ရီပင်များ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်မင်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## သနပ်ပင်မြို့နယ်၌ မိုးစပါး စိုက်ကေများ ပြန်လည်စိုက်ပျိုး

သနပ်ပင် ဩဂုတ် ၁၃

ပဲခူးခရိုင် သနပ်ပင်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါး စိုက်ကေများအနက် ပြန်ပေါ်သည့်လယ်မြေများတွင် မိုးစပါးပြန်လည်စိုက်ပျိုးခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက သနပ်ပင်မြို့နယ် ဖရဲကျေးရွာ တောင်သူ ဦးတင်ရွှေ၏ လယ်မြေငါးကေ၌ ဆောင်ရွက်ကြောင်းသိရသည်။

အဆိုပါစိုက်ပျိုးရာသို့ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူမြင့်နှင့် ဝန်ထမ်းများက မိုးစပါးစိုက်ကေများအား ကြိုတင်ပျိုးထောင်ထားရှိသည့် အရန်ပျိုးပင်များဖြင့် မိုးစပါးပြန်လည်စိုက်ပျိုးနေမှုကို ကွင်းဆင်းကြီးကြပ်ကာ ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သော မျိုးစပါးနှင့်ဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



သင့်စီးပွားရေးလုပ်ငန်းများ အဆင်ပြေစေဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၁၀၀ | ၂,၃၂၈ | ၂၀,၉၅၃,၀၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၅၀ | ၂,၆၂၉ | ၈,၉၆၃,၆၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၁ | ၈,၅၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁,၈၆၂ | ၃,၃၅၁,၆၅၀ |
| TMH | ၂,၈၅၀ | ၂,၈၀၀ | ၅၅ | ၁၅၄,၀၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁,၃၂၄ | ၂,၂၉၁,၃၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၂၃၂ | ၁,၀၆၇,၂၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၁,၂၄၈ | ၄,၁၈၈,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျား လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျား က ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပြီး ၎င်း၏သံအမတ်ခန့်အပ်လွှာ မိတ္တူကို ပေးအပ်သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားပြီး မြန်မာ-တရုတ်နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



☆ ၂၀၂၄ မှ

ယနေ့နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် တောင်ပင်လယ်ပုလဲရောင်းချပွဲဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူတို့သည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများ ရောင်းချနေမှုကို လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။

ယင်းနောက် တင်ဒါအမှတ်(၁)နှင့် တင်ဒါအမှတ်(၂) တို့မှ ပုလဲအတွဲပေါင်း ၂၃၀ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၇၇ တွဲရောင်းချရကြောင်း ကြေညာသည်။

**ဆက်လက်ရောင်းချပေးသွားမည်**

ပုလဲရောင်းချပွဲတတိယနေ့တွင် တင်ဒါအမှတ် (၃)ဖြစ်သည့် ပုလဲအတွဲအမှတ်(၂၃၁) မှ အတွဲအမှတ် (၃၄၅) အထိ ပုလဲအတွဲပေါင်း (၁၁၅) တွဲနှင့် တင်ဒါအမှတ် (၄) ဖြစ်သည့် ပုလဲအတွဲအမှတ် (၃၄၆) မှ အတွဲအမှတ် (၄၆၀) အထိ ပုလဲအတွဲပေါင်း (၁၁၅) တွဲတို့ကို ပြည်တွင်း ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၇၀၀ ၊ ပုလဲအလုံးပေါင်း ၁၇၅၀၀၀ ကို ပြည်တွင်း ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများ ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။



ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို ပြည်တွင်းပြည်ပရတနာကုန်သည်များက စိတ်ကြိုက် လေ့လာ ကြည့်ရှုကြစဉ်။

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ လပတ်ပုံမှန်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ကောင်စီဝင်များ အားလုံးပါဝင်သော လပတ်ပုံမှန်အစည်းအဝေး (၄/၂၀၂၄)ကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ရှိမြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးကို အစီအစဉ် (၁၂)ရပ်ဖြင့် ကျင်းပပြီး အစီအစဉ်အရ ကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အဖွင့်အမှာစကား ပြောကြားရာတွင် လတ်တလော ဖြစ်ပွားနေသည့် မီဒီယာအခင်းအကျင်းများနှင့်ပတ်သက်ပြီး ကောင်စီ၏ ဆောင်ရွက်ချက်များ၊ နိုင်ငံအတွက် အရေးကြီးသည့် အခြေအနေများတွင် ခိုင်မာသေချာသည့်သတင်းမှန်များကို အများပြည်သူထံ အချိန်မီရောက်ရှိနိုင်စေရေး အကြောင်းများအပါအဝင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ စတုတ္ထသက်တမ်းအတွက် လွှဲပြောင်းပေးရာတွင် အဆင်ပြေလွယ်ကူစွာဆောင်ရွက်နိုင်စေရေးတို့ကို ပြောကြားခဲ့သည်။

ထို့နောက် အလုပ်အမှုဆောင်များက ဆောင်ရွက်ချက်များကို အသေးစိတ်တင်ပြခဲ့ကြပြီး တက်ရောက်လာသည့် ကောင်စီဝင်များက အပြန်အလှန် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

ယင်းနောက် ဆက်လက်ဆောင်ရွက်ရမည့် အစည်းအဝေးဆုံးဖြတ်ချက်များကို သဘောတူဆုံးဖြတ်ခဲ့ကြပြီး အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီခွဲတွင် အောင်မြင်စွာပြီးဆုံးခဲ့သည်။

**သတင်းစဉ်**





# လက်ပံတန်းမြို့နယ်၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနားကျင်းပ

လက်ပံတန်း ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံးခန်းမ၌ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အခမ်းအနား ကျင်းပသည်။

မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းနှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက မိခင်နို့တိုက်ကျွေးရေးပညာပေးခြင်း၊ စနစ်မှန် မိခင်နို့တိုက်ကျွေးခြင်းသရုပ် ပြသခြင်းတို့ပြုလုပ်ပြီး၊ ငါးနှစ်အောက်ကလေးအာဟာရဖွံ့ဖြိုးရေး အတွက် ကလေးငယ်များအား အရပ်တိုင်းခြင်း၊ ကိုယ်အလေးချိန်ချိန်ခြင်း၊ ဗီတာမင်ဆေး တိုက်ကျွေးခြင်းနှင့် အာဟာရစံချိန်မပြည့်မီသော ကလေးများအား အဏုအာဟာရမှုန့်ထုပ်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

# ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ်အခမ်းအနား ကျင်းပ

## လူငယ်များ၏တန်ဖိုးရှိသည့်စွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များတက်ကြွစွာ ပူးပေါင်းပါဝင်လာခြင်းအားဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ပေးနိုင်ရန်ဖြစ်




ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၃

**“လူငယ်ကဏ္ဍမြှင့်တင်လို့ ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်း ဖန်တီးစို့”** ဆောင်ပုဒ်ဖြင့် ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ လူမှုရေးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းလူငယ်များ၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ စေတနာ့ဝန်ထမ်းလူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ၊ အခြေခံကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ လူငယ်များနှင့် နယ်ပယ်ပေါင်းစုံမှ လူငယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများက အခမ်းအနားသို့တက်ရောက်လာကြသူများနှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကိုအလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်ဖိုရမ် ကျင်းပရသည့် ရည်ရွယ်ချက်မှာ **“လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီမြန်မာပြည်”** ဆိုသည့် မျှော်မှန်းချက်နှင့်အညီ လူငယ်များ မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး အနာဂတ် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကအင်အားစုများအဖြစ် ပါဝင်လာနိုင်စေရန်၊ မိမိနိုင်ငံနှင့် ယဉ်ကျေးမှုအပေါ် တန်ဖိုးထား ချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး နိုင်ငံ့သားကောင်းတစ်ယောက်၏ အခွင့်အရေးနှင့် တာဝန်များကို ပိုမိုနားလည်လာစေရန်၊ မတူညီသည့် ဒေသအသီးသီးက လူငယ်များ တွေ့ဆုံဆွေးနွေးခွင့်ရရှိသည့်အတွက် လူငယ်ထုအကြား ရင်းနှီးချစ်ခင်မှုနှင့် နားလည်ယုံကြည်မှု တည်ဆောက် ပေးနိုင်စေရန်၊ လူငယ်များ၏ တန်ဖိုးရှိသည့် စွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များတက်ကြွစွာ ပူးပေါင်းပါဝင်လာခြင်းအားဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ပေးနိုင်ရန် ဖြစ်ကြောင်း။

လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များကို Agenda 2030 အလွန် ၂၀၄၀ ပြည့်နှစ်အထိ မြော်တွေးကာ ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်သည့်အတွက် Panel session သုံးခုအပေါ် အခြေပြု ညှိနှိုင်းအဖြေရှာ၍ ရေရှည်၊ ရေတိုလုပ်ငန်းအစီအမံများ ချမှတ်နိုင်အောင် သက်ဆိုင်ရာကဏ္ဍများအလိုက် တက်တက်ကြွကြွ စိတ်ပါဝင်စားစွာ ဝိုင်းဝန်းဆွေးနွေးကြကာ သက်ရှယ်စုံညီပါဝင်သည့် လူမှုစီးပွားဘဝ သာယာဖွံ့ဖြိုးတိုးတက်ပြီး သဟဇာတဖြစ်သည့် အနာဂတ် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပုံဖော်နိုင်ပါစေကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မသက်သက်ဇော်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနား၊ လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးခရီးစဉ်နှင့် လူမှုအကျိုးပြု လုပ်ငန်းများအတွက် အလှူငွေ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

**စာမျက်နှာ ၅ သို့ ✪**



ဒုတိယဝန်ကြီး ဦးဇင်မင်းထက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်အခမ်းအနား၊ လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးခရီးစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများအတွက် အလှူငွေလှူဒါန်းခဲ့သည့် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

✪ စာမျက်နှာ ၄ မှ

ဆက်လက်၍ လူငယ် ဂုဏ်ပြုတေး သီချင်းဖြစ်သည့် **“ရောင်စုံဥယျာဉ်”** တေးသီချင်းဖြင့် လည်းကောင်း၊ ကချင်ပြည်နယ် လူငယ်ကိုယ်စားလှယ်အဖွဲ့က “မမေ့နိုင်တဲ့မြေ” တေးသီချင်းနှင့်တွဲဖက်၍ ရိုးရာအကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် လူငယ်ဖိုရမ်ကို ဆက်လက်ကျင်းပသည်။ **(လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများကို ရှေ့ဖုံးမှစတင်ဖော်ပြထားပါသည်။)**

ကဏ္ဍအလိုက် ဆွေးနွေးမှုများအပြီးတွင် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ် ကိုယ်စားလှယ်များနှင့် စေတနာ့ဝန်ထမ်း လူငယ်များ ကိုယ်စား လူငယ်ကိုယ်စားလှယ်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ လူငယ်ဖိုရမ်ကို ရုပ်သိမ်းလိုက်သည်။

လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်များ အသိပညာ ဗဟုသုတများတိုးပွားကာ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် လူငယ်ဆိုင်ရာ သတင်း အချက်အလက်များ၊ မိတ်ဖက် အဖွဲ့အစည်းများ၏ ထုတ်ကုန်များနှင့် အထိမ်းအမှတ်ပစ္စည်းများ ခင်းကျင်းပြသခြင်း၊ လူငယ် ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ ပြသခြင်း၊ စစ်တမ်းကောက်များ ကောက်ယူခြင်း၊ ဉာဏ်စမ်း မေးခွန်းများ မေးမြန်းခြင်း၊ ဆုလက်ဆောင်များ ပေးအပ်ခြင်းနှင့် စုပေါင်းဂိမ်းကစားခြင်း စသည့် အစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။



ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ အခမ်းအနားသို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

လူငယ်ဖိုရမ်မှ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေး၍ ထွက်ပေါ်လာသည့် ရလဒ်များ၊ အကြံပြုချက်များကို စုစည်းကာ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ လုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်နိုင်ရေး မူဝါဒဆိုင်ရာ အကြံပြုချက်များအဖြစ် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



လူငယ်ဖိုရမ်တွင် ဒစ်ဂျစ်တယ်အသွင်းကူးပြောင်းခြင်းနှင့် ပြောင်းလဲဆန်းစစ်ခြင်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။



လူငယ်ဖိုရမ်တွင် လူမှု-ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးကြစဉ်။

✻ ရှေ့ဖုံးမှ

အသွင်ကူးပြောင်းမှုနှင့် ဆန်းသစ်တီထွင်မှုများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့် နယ်ပယ်ကဏ္ဍစုံတွင် ထိရောက်စွာအသုံးချလျက်ရှိသည့် အဓိကသော့ချက်တစ်ခုဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်အချိုးကျလျက်ရှိခြင်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာလူငယ်များအနေဖြင့် လာမည့်ဆယ်စုနှစ်များတွင် မိမိနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် ကိစ္စရပ်များကို ဖော်ထုတ်ရာတွင် အဓိကကျပြီး လူငယ်များ၏ နေ့စဉ်လူမှုဘဝဖြတ်သန်းမှုများတွင် ပုံစံအမျိုးမျိုးဖြင့် ဆက်စပ်နေသော ကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်၏ အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် ဉာဏ်ရည်တု AI နှင့် ပတ်သက်သည့် သိမှတ်ဖွယ် ဗဟုသုတများ၊ ဆောင်ရန်ရှောင်ရန် ကိစ္စရပ်များ၊ လုပ်ဆောင်နိုင်စွမ်း နယ်ပယ်များနှင့် စိန်ခေါ်မှုများ၊ ကျော်လွှားနိုင်မည့် နည်းလမ်းများ၊



လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက အုပ်စုကိုးစုခွဲ၍ ဆွေးနွေးကြပြီး အုပ်စုခေါင်းဆောင်များက ဆွေးနွေးပွဲရလဒ်များကို ဖတ်ကြားတင်ပြစဉ်။

နည်းပညာတိုးတက်လာမှုနှင့် ပတ်သက်၍ ဆိုးကျိုးနှင့် ကောင်းကျိုးများ၊ Data အချက်အလက်များ၏ လုံခြုံရေးဆိုင်ရာ အချက်အလက်များ၊ လူငယ်များဘဝကို တိုးတက်ပြောင်းလဲစေရန် အသုံးချနိုင်မည့် နည်းပညာ စွမ်းအားများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နေ့စဉ်လုပ်ငန်းခွင်တွင် AI နည်းပညာ အသုံးဝင်မှုနှင့် ရင်ဆိုင်ရမည့်စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ ကျေးလက်နေလူငယ်များ၏ လူနေမှုဘဝများ တိုးတက်ကောင်းမွန်စေရန်နှင့် ပတ်သက်သည့် နည်းပညာများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် Socio-Cultural Development မှတ်တမ်းဗီဒီယိုကိုပြသပြီး နိုင်ငံတကာခေါင်းဆောင်မှု တက္ကသိုလ်မှ ဆရာမ ဒေါ်စုလှဲ့လှဲ့နိုင်၊ နိုင်ငံတကာခေါင်းဆောင်မှု တက္ကသိုလ်ဥက္ကဋ္ဌ ဒေါ်မေဖူးပွင့်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာချမ်းငြိမ်းစုနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန္တာမိုးတို့က **“လူမှု-ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ”** ခေါင်းစဉ်ဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကောင်းမွန်သောပညာရေးနှင့် ကျန်းမာရေးစနစ်တို့ဖြင့် အခြေခံတည်ဆောက်ပြီး မျက်မှောက်ခေတ်အခြေအနေတွင် နည်းပညာဆိုင်ရာ တိုးတက်ကောင်းမွန် ပြောင်းလဲလာမှုများနှင့်အတူ စိတ်ပိုင်းဆိုင်ရာများနှင့် ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်များဖြစ်သော လူငယ်များအတွက် နိုင်ငံသားကျင့်ဝတ်များ၊ ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးများနှင့်စပ်လျဉ်း၍လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးများနှင့် ပတ်သက်သော အလေ့အကျင့်ကောင်းများကို မည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်သင့်သည်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ၂၁ ရာစုတွင် လူငယ်များအတွက် ကျွမ်းကျင်မှုများဖြစ်သော Digital Literacy၊ Communication Skills၊ Critical Thinking၊ Global and Cultural Awareness၊ Financial Literacy စသည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် လူငယ်များအနေဖြင့် မဖြစ်မနေတတ်ကျွမ်းသင့်သည့် (hardskill & Softskill) အသိပညာ၊ အတတ်ပညာများ၊ မြန်မာနိုင်ငံ၏ လူမှု-ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွဖော်ဆောင်နိုင်ရန် နည်းလမ်းများ၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိလွယ်ရှလွယ် ဖြစ်ပေါ်ခြင်းကို ကာကွယ်တားဆီးနိုင်ရန်နည်းလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူငယ်များအနေဖြင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်ရေးကိုမြှင့်တင်ရန်အတွက် အထောက်အပံ့များ၊ ၂၁ ရာစုကာလတွင် အတတ်ပညာများနှင့် ပတ်သက်၍ ဘဝအတွက် အထောက်အကူပြုနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

စာမျက်နှာ ၆ သို့ ✻





လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက Zumba အကဖြင့် အတူတကွ ကပြကြစဉ်။

✻ စာမျက်နှာ ၅ မှ

ယင်းနောက် Economic Growth and Employment ဗီဒီယိုကို ပြသပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ မော်မော်ထွန်း၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA) ဘဏ္ဍာရေးမှူး ဒေါ်ကြည်စင်ရွှေ၊ အစိုးရစက်မှုလက်မှုသိပ္ပံ နေပြည်တော်မှ တတိယနှစ်ကျောင်းသူ မနှင်းဆီရွှေစင်နှင့် I CAKE U Bakery (နေပြည်တော်) မှ ဒေါ်ချိုနေခြည်နွေး တို့က “စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ” ခေါင်းစဉ်ဖြင့် စီးပွားရေးတိုးတက်အောင်တည်ဆောက်ခြင်းသည် နိုင်ငံတည်ဆောက်ခြင်း (State Building)အတွက် အရေးပါသော အချက်အလက်တစ်ခုဖြစ်သောကြောင့် အဆိုပါနယ်ပယ်တွင် လူငယ်များ ပါဝင်နိုင်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒစ်ဂျစ်တယ်နည်းလမ်း အသုံးပြု၍ဆောင်ရွက်နိုင်သည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ၊ လုပ်ငန်းခွင်သင်တန်းများမှတစ်ဆင့် ပို၍ကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများကို ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အနာဂတ်တွင် အောင်မြင်တိုးတက်ရေးအတွက် အဓိကလက်တွေ့ကျသော နယ်ပယ်များတွင် မိမိဘဝခရီးကို စွန့်ဦးတီထွင် လုပ်ငန်းရှင်တစ်ယောက်အဖြစ် လေ့ကျင့်ပျိုးထောင်ဖြတ်သန်းနိုင်မည့် အကြောင်းအရာများ၊ လက်ရှိတိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဒစ်ဂျစ်တယ်နည်းပညာဖြင့် အလုပ်အကိုင် ရှာဖွေရေးနည်းလမ်းများ၊ အွန်လိုင်းပေါ်မှ ဝင်ငွေရှာဖွေမှုနှင့် မိမိ၏ငွေကြေးများလည်း ဆုံးရှုံးနိုင်ခြေရှိမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ TVET မှ တစ်ဆင့် အသက်မွေးဝမ်းကျောင်းအပေါ်ကြီးမားသည့် အကျိုးသက်ရောက်မှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည့် စီးပွားရေးကဏ္ဍများ၊ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများက လူငယ်ဖိုရမ်၌ သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ နည်းပြ ဒေါ်မိုးသီတာ ဦးဆောင်၍ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက Zumba အကဖြင့် အတူတကွ ကပြကြသည်။

ထို့နောက် လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက အုပ်စုကိုးခုခွဲ၍ The Power of Technology to Transform Your Life၊ The Truth about AI၊ Steps Youth Need to Take to Access the Digital World၊ Youth: The Future Leaders of the Nation၊ Master Your Mind, Master Your Body၊ The Skill Youth Need to Succeed in the 21 st Century၊ Today Trending: Monetizing Your Digital Brand၊ Get a Better Job with TVET နှင့် Master Your Life through Enterpreneurship စသည့် ခေါင်းစဉ်များဖြင့်ဆွေးနွေးကြပြီး အုပ်စုအဖွဲ့များမှခေါင်းဆောင်များက ဆွေးနွေးပွဲရလဒ်များကို ဖတ်ကြားတင်ပြရာ ရလဒ်များအပေါ် တာဝန်ရှိသူများက အနှစ်ချုပ်ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များအုပ်စုအလိုက်ဆွေးနွေးကြစဉ်။








လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက အုပ်စုကိုးစုခွဲ၍ ဆွေးနွေးကြပြီး အုပ်စုခေါင်းဆောင်များက ဆွေးနွေးပွဲရလဒ်များကို ဖတ်ကြားတင်ပြစဉ်။

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်များ လှည့်လည်လေ့လာ




**ကြည့်ရှု လေ့လာ**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား ကျောင်းသူများ စင်ကာပူနိုင်ငံတွင် ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ထူးချွန်ကျောင်းသား ကျောင်းသူများကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရေး၊ ပြည်တွင်းပြည်ပ အတွေ့အကြုံကောင်းများ ရရှိစေရေးတို့အတွက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူ ၃၀ ကို နိုင်ငံတော်အစီအစဉ်ဖြင့် ဩဂုတ် ၉ ရက်မှ ၁၃ ရက်အထိ ပြည်ပလေ့လာရေးခရီးစဉ် စေလွှတ်ခဲ့သည်။

အဆိုပါ ထူးချွန်ကျောင်းသား ကျောင်းသူများအဖွဲ့သည် ထိုင်းနိုင်ငံတွင် ဩဂုတ် ၉ ရက်မှ ၁၀ ရက်အထိ လည်ပတ်လေ့လာခဲ့ကြပြီး ဩဂုတ် ၁၁ ရက်တွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိ၍ မြန်မာသံရုံးနှင့် Merlion Park တို့သို့ လည်ပတ်လေ့လာကြသည်။ ဩဂုတ် ၁၂ ရက်တွင် Botanic Garden သို့သွားရောက်ကြကာ အဆိုပါ Botanic Garden အတွင်း၌ ပျော်ရွှင်စွာ လှည့်လည်ကြည့်ရှုလေ့လာပြီး အမှတ်တရ မှတ်တမ်းဓာတ်ပုံများရိုက်ခဲ့ကြသည်။

ထို့ပြင် Clementine Road ရှိ Singapore Institute of Management (SIM) သို့ ရောက်ရှိကြရာ Singapore Institute of Management မှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုကြကာ ထူးချွန်ကျောင်းသား ကျောင်းသူများကို အဆိုပါကျောင်းရှိ SIM Heritage Gallery ၌ Ms. Celia Her က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြား၍ တက္ကသိုလ်တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထူးချွန်ကျောင်းသား ကျောင်းသူများကို Theatre ၌ တွေ့ဆုံကာ တက္ကသိုလ်၏ Vice Provost Dr. Timothy Chan က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုးက ကျေးဇူးတင်စကားပြောကြားကာ Ms. Celia Her က SIM University တက္ကသိုလ်အကြောင်း မိတ်ဆက်ပြောကြား၍ Dr. Liam Kim Yang က တက္ကသိုလ်တွင် သင်ယူနိုင်သော သင်တန်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံမှ ပညာသင်ကျောင်းသားတစ်ဦးက ၎င်း၏ပညာသင် အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ထူးချွန်ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး အဆိုပါကျောင်းတွင် ပညာသင်ယူနေသော Student Ambassadors မြန်မာကျောင်းသား ကျောင်းသူတို့က ဦးဆောင်၍ တက္ကသိုလ်စာကြည့်တိုက်၊ အားကစားရုံ၊ Student's Wellness Centre၊ Canteen စသည်တို့ကို အဖွဲ့သုံးဖွဲ့ခွဲ၍ Campus Tour အဖြစ် လှည့်လည်ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် လေ့လာရေး ထူးချွန်ကျောင်းသား ကျောင်းသူများသည် Garden by the Bay သို့ ရောက်ရှိပြီး Flower Dome နှင့် S.E.A Aquarium တို့ကို လေ့လာကြသည်။

ထို့နောက် Sentosa ကျွန်းသို့ သွားရောက်ပြီး အဆိုပါ Sentosa ကမ်းခြေရှိ Tourist Attractions နေရာများကို လည်ပတ်ကြကာ ရေသားဖန်သားပြင် ဖြင့်ပြသသော 'Wings of the Time' ကို အပန်းဖြေကြည့်ရှုကြသည်။

အဆိုပါ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများသည် ယနေ့နံနက် ၉ နာရီခွဲတွင် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ ရောက်ရှိပြီး Jewel Shopping Centre ၌ လှည့်လည်ကြည့်ရှုလေ့လာ ဈေးဝယ်ကြသည်။

ယင်းနောက် အဆိုပါအဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် စင်ကာပူနိုင်ငံမှ ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာရောက်ကြိုဆိုကြကာ ထူးချွန်ကျောင်းသား ကျောင်းသူများသည် အုပ်ချုပ်သူများ၊ သက်ဆိုင်ရာမိဘများနှင့်အတူ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇူလိုင် ၂၂ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး အဆိုပါကျောင်းသား ကျောင်းသူများအနက် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိသူ ကျောင်းသား ကျောင်းသူ ၃၀ ကို ပြည်ပနိုင်ငံများသို့လေ့လာရေးခရီး သွားရောက်ရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**










ထူးချွန်ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ သွားရောက်လေ့လာခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ ပီတိစကားသံများ

တွေ့ဆုံမေးမြန်း - ကျော်ကြီး
ဓာတ်ပုံ - မောင်သီ

၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများသည် နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်တစ်ခုအဖြစ် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြရာ ကျောင်းသား ကျောင်းသူများ၏ ဝမ်းသားပျော်ရွှင်ဖွယ်ရာ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။


ဒေါက်တာကျော်ဆန်းဝင်း


မမြတ်သီရိကျော်


မောင်အောင်ကိုမင်း


မသက်မြတ်စံ


မဝင်းလဲ့တွယ်တာ

**ဒေါက်တာကျော်ဆန်းဝင်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**

အခု ခရီးစဉ်မှာ ကျွန်တော်တို့ ဆရာဝန်ကြီး တစ်ဦးအပါအဝင် အုပ်ချုပ်သူစုစုပေါင်း ၁၀ ဦး ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကတော့ ဘာသာရပ်အလိုက် ထူးချွန် Top Ten ဝင် ၃၀ ဖြစ်ပါတယ်။ ဒီလိုခရီးစဉ်မျိုးတွေ ပို့ပေးတာ အများကြီးဂုဏ်ယူပါတယ်၊ ဝမ်းလည်းသာပါတယ်၊ ကလေးတွေအတွက် ပိုဂုဏ်ယူတာပေါ့။ တချို့ဆိုရင် ဘဝမှာ တစ်ခါမှ မစဉ်းစားဘူးတဲ့နေရာတွေရောက်ရတယ်၊ တည်းရခိုရတယ်၊ စားရသောက်ရတယ်၊ ဘာပဲဖြစ်ဖြစ် သူတို့ လုပ်ချင်ကိုင်ချင်စိတ်တွေ ရှိလာတာပေါ့။ ကျွန်တော်ကလည်း ဒီလိုခရီးစဉ်တွေကို အမြဲတမ်းနှစ်စဉ်ဖြစ်စေချင်ပါတယ်။ တခြားနိုင်ငံကလူတွေ ဘာတွေလုပ်နေတယ်၊ ဘာတွေလုပ်ထားလဲဆိုတာ မြင်တဲ့အတွက်ကြောင့် ငါတို့ ဘာကြိုးစားရမလဲ၊ ငါတို့ဘက်က ဘာတွေလိုသေးလဲ၊ငါတို့ဘက်ကဘာတွေအားသာလဲ နှိုင်းယှဉ်ကြည့်လို့ရတယ်။ တက္ကသိုလ်တွေလည်း သွားလည်တဲ့ အတွက်ကြောင့် တခြားတက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေ သူတို့လိုမျိုး မြန်မာကျောင်းသား ကျောင်းသူတွေကိုလည်း တွေ့ခဲ့တဲ့အတွက် သူတို့အားကျမှုရှိတယ်။ အခုလို နိုင်ငံတော်အစိုးရအနေနဲ့ ထူးချွန်ကျောင်းသားတွေကို ပြည်ပခရီးစဉ် လေ့လာရေးခရီးတွေ အခမဲ့ပို့ဆောင်ပေးနေတဲ့အတွက် ၂၀၂၄-၂၀၂၅ ခုနှစ် Grade – 12 ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ အခုလိုပဲ ထူးချွန်တဲ့ကလေးတွေဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မမြတ်သီရိကျော်**
**အထက(၂)လသာ**

၂၀၂၃-၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ခြောက်ဘာသာဂုဏ်ထူးနဲ့ မြန်မာတစ်နိုင်ငံလုံး အဆင့် (၆)၊ ရန်ကုန်တိုင်းဒေသကြီးမှာ Top 5 ကျွန်မရဲ့ အမှတ်ပေါင်းကတော့ ၅၄၉ မှတ် ဖြစ်ပါတယ်။ နိုင်ငံတော်ကပို့တဲ့ ခရီးစဉ် ထိုင်းနိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့မှာ လည်ပတ်ခွင့်ရတဲ့အတွက် မတူညီတဲ့အတွေ့အကြုံတွေ နိုင်ငံနှစ်နိုင်ငံအကြားက ကွာခြားမှုတွေ ဗဟုသုတများစွာကို တွေ့ကြုံခံစားခွင့်ရရှိခဲ့ပါတယ်။ ပြည်ပကို ခရီးထွက်တဲ့အခါမှာ လေဆိပ်မှာ ဘယ်လိုမျိုးရှောင်ရန် ဆောင်ရန်တွေ၊ ဘယ်လိုပြင်ဆင်သင့်တယ်ဆိုတာတွေကို သင်ကြားပေးခဲ့ပါတယ်။ အခုလိုမျိုး သွားခွင့်ရတဲ့အတွက်ကြောင့် အတိုင်းမသိလဲ ဂုဏ်ယူမိသလို အခုလိုမျိုးသွားခွင့်ရဖို့အတွက် အခွင့်ရေးကိုပေးခဲ့တဲ့ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ် Grade –12 ဖြေဆိုကြမယ့်ညီငယ်ညီမငယ်များလည်း အမှတ်ဆိုတာ ကိုယ်ကြိုးစားရင် ကြိုးစားသလောက်ရနိုင်ပါတယ်။ အခုကိုယ်ကြိုးစားသလောက် Top 10 တွေ ဝင်ခဲ့ကြတယ်၊ အဲဒီအတွက်ကြောင့်လည်း နိုင်ငံတော်အစိုးရက ထိုက်တန်တဲ့ဆုကြေးငွေတွေရော ထိုက်တန်တဲ့ ဆုတွေရောပေးအပ်ခဲ့တယ်၊ အခု Top 10 ဝင်တဲ့ ဝိဇ္ဇာ၊ သိပ္ပံ၊ ဝိပ္ပံအတွဲသုံးတွဲက ထူးချွန် ကျောင်းသား အယောက် ၃၀ ကိုလည်း ပြည်တွင်းပြည်ပခရီးစဉ်တွေ လည်ပတ်ခွင့်ပေးခဲ့တယ်။ အခုလိုအခွင့်အရေးမျိုးကို ရယူချင်တယ်ဆိုရင် ဆက်လက်ကြိုးစားကြပါ လက်မလျှော့ပါနဲ့လို့ ပြောချင်ပါတယ်။

**မောင်အောင်ကိုမင်း**
**ကချင်ပြည်နယ် ဗန်းမော်မြို့**
**အထက(၅)**

ကျွန်တော်ကတော့ မောင်အောင်ကိုမင်းဖြစ်ပါတယ်၊ ကချင်ပြည်နယ် ဗန်းမော်မြို့ အထက(၅)က ဝိပ္ပံတွဲ မြန်မာတစ်နိုင်ငံလုံး အဆင့် (၆) အမှတ်ပေါင်းကတော့ ၅၁၅ ဖြစ်ပါတယ်။ အခုလိုခရီးစဉ်က ကျွန်တော့်ရဲ့ဘဝအတွက် တန်ဖိုးဖြတ်မရတဲ့ခရီးစဉ် ဖြစ်ပါတယ်။ ထိုင်းနိုင်ငံနဲ့ စင်ကာပူနိုင်ငံတွေ ဘယ်လိုမျိုးတိုးတက်နေပြီ ကျွန်တော်တို့နိုင်ငံနဲ့ ဘယ်လိုကွာခြားနေတယ်ဆိုတာ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံကိုလည်း ပိုပြီးတိုးတက်စေချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်၊ ကျွန်တော်တို့ ထိုင်းနိုင်ငံမှာရှိတဲ့ တက္ကသိုလ်တစ်ခုနဲ့ စင်ကာပူနိုင်ငံတက္ကသိုလ်တို့မှာ လေ့လာခွင့်ရတဲ့အတွက် ကျွန်တော်တို့ နောက်ထပ်လျှောက်လှမ်းရမယ့် ပညာရေးအတွက်ကိုလည်း အများကြီးအထောက်အကူပြုပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ် Grade – 12 ဖြေဆိုကြမယ့် ညီငယ်ညီမငယ်များလည်း Grade – 12 ဆိုတာ သိပ်ခက်ခဲတဲ့အရာ မဟုတ်ပါဘူး၊ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ရနိုင်တာမို့ သေသေချာချာကြိုးစားပြင်ဆင်ပြီး အခုလိုအောင်မြင်မှုတွေ ရနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ အခုလို ပံ့ပိုးပေးတဲ့အတွက် နိုင်ငံတော်က တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

**မသက်မြတ်စံ**
**မန္တလေးတိုင်းဒေသကြီး**

ကျွန်မ နာမည်ကတော့ မသက်မြတ်စံပါ။ မြန်မာတစ်နိုင်ငံလုံး အဆင့် (၅) ရရှိခဲ့လို့ ဒီခရီးစဉ်မှာ ပါဝင်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ ဗဟုသုတအများကြီးရပါတယ်။ သူများနိုင်ငံတွေမှာ ဘယ်လိုတိုးတက်နေပြီလဲ ဘာတွေအတုယူရမလဲ အများကြီးသင်ယူရရှိပါတယ်။ အခု ကျွန်မတို့ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ ကျောင်းသား ကျောင်းသူ ၃၀ ကို ဗဟုသုတအများကြီးရအောင် အခုလို နိုင်ငံခြားခရီးစဉ် ပို့ဆောင်ပေးတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။

**မဝင်းလဲ့တွယ်တာ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်**
**အထက(ကျွန်းလှ)**

ကျွန်မကတော့ မဝင်းလဲ့တွယ်တာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် အထက (ကျွန်းလှ)ကနေ ဝိဇ္ဇာဘာသာတွဲ မြန်မာတစ်နိုင်ငံလုံး အဆင့် (၁) ရရှိသူဖြစ်ပါတယ်။ အခု ပြည်ပအတွေ့အကြုံကတော့ ပထမဦးဆုံးဖြစ်ပါတယ်။ ပြည်ပကို သွားခဲ့ရတဲ့အတွက်လည်း အတွေ့အကြုံအများကြီး ရရှိပါတယ်။ ဒေသန္တရဗဟုသုတတွေလည်း ရရှိခဲ့ပါတယ်။ မြန်မာတစ်နိုင်ငံလုံး အဆင့် (၁) ရရှိဖို့ဆိုရင်တော့ တစ်နှစ်ပတ်လုံး တစိုက်မတ်မတ် အာရုံစူးစိုက်ပြီးတော့ ဇွဲလည်းလုံးဝမလျှော့ပါနဲ့ ကိုယ်ရည်မှန်းထားတဲ့ ပန်းတိုင်ကိုရအောင် ကြိုးစားသွားမယ်ဆိုရင်တော့ ရရှိနိုင်မှာ ဖြစ်ပါတယ်။ အခုလိုမျိုး သမီးတို့ကို ပြည်ပနိုင်ငံတွေကို လေ့လာရေးခရီးစဉ် သွားရောက်ဖို့အတွက် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲအားလုံးကို ဒီကနေ ကျေးဇူးတင်ရှိပါတယ်လို့ ပြောချင်ပါတယ်။

## ပန်းတနော်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ကျပန်းစကားပြော ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ပန်းတနော် ဩဂုတ် ၁၃**

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ၊ ကျပန်းစကားပြော ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ မင်းဝေမှူးက စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေး အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပသည်။ ထို့အတူ အထက (ခွဲ) တစ်ဆယ့်နှစ်ရွာကျောင်းမှ ကျောင်းသား ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ ပြည့်ဖြိုးကျော်(ပြန်/ဆက်)

## ဘီးလင်းမြို့ အထက(ကန်သာယာ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းပြုလုပ်

**ဘီးလင်း ဩဂုတ် ၁၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက ဘီးလင်းမြို့ အထက (ကန်သာယာ)ကျောင်း မဟော်သဓာခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက (ကန်သာယာ) ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းသူက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားလာစေရန်၊ အချင်းချင်း အပြန်အလှန် ဆွေးနွေးတတ်စေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းများကို ဆောင်ရွက်ပေးရခြင်း ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။



ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ အထက(ကန်သာယာ)မှ "လူငယ်နှင့် စာရိတ္တ"၊ "လူငယ်နှင့် ကျန်းမာရေး" ၊"လူငယ်နှင့် အာဃာတ"၊ "လူငယ်နှင့် ပရဟိတစိတ်ဓာတ်" စသည့်ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ် အားကစားရုံ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ကျင်းပပေးရခြင်းသည် ထူးချွန်ထက်မြက်သည့် သွေးသစ် အားကစားသမားများ ပေါ်ထွက် လာစေရေးအတွက် အခြေခံ ပြိုင်ပွဲကောင်းတစ်ခု ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲမှတစ်ဆင့် သွေးသစ်လူငယ်ဘောလုံးသမား များကို ဖော်ထုတ်ရွေးချယ် လေ့ကျင့်ပေးနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ထားပါကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲ၏ ဦးတည်ရည်မှန်းချက်နှင့် အနှစ်သာရများကို အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရန် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ပြိုင်ပွဲဝင် အားကစားသမားများ အနေဖြင့် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန် လိုအပ်ပါကြောင်း၊ ဒိုင်လူကြီးများအနေဖြင့်လည်း ဘက်လိုက်မှုကင်းရှင်းပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများနှင့်အညီ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါကြောင်း၊ အားကစားသမားလူငယ်အပေါင်းတို့ အနေဖြင့် ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် ဖူဆယ် ဘောလုံးအားကစားသမားကောင်းများ ဖြစ်လာစေရန် ကြိုးစား ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းမှာကြားရင်း ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

### ရွတ်ဆို

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား)အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိ သရေရလဒ်ဖြင့် လည်းကောင်း၊ (အမျိုးသမီး) အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ချင်းပြည်နယ်အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သည်။

ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီမှ စတင်၍ ဖူဆယ်အားကစားရုံ၌ (အမျိုးသား)အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ချင်းပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ (အမျိုးသမီး) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

### ၅၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို မြန်မာ့ဖူဆယ် အားကစား အဆင့်အတန်း တိုးတက် မြင့်မားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးက ဖူဆယ်အားကစားသမားများအချင်းချင်း သွေးစည်းညီညွတ်မှုရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖူဆယ်အားကစားနည်း ပိုမိုပြန့်ပွားလာစေရေး၊ လူငယ်ထုအတွင်း ဖူဆယ်အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ဩဂုတ် ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်း စုစုပေါင်း ၅၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် ယမန်နေ့မွန်းလွဲပိုင်းက နန်းဦး ရေပေးရေးနှင့် ရေသန့်စင်စက်ရုံသို့ သွားရောက်၍ ရေသိုလှောင်ကန်များအတွင်း Chlorine Dosing Pump ဖြင့် ကလိုရင်းဆေးခတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ဝန်ထမ်းရပ်ကွက်နှင့် အများပြည်သူသို့ ရေပေးဝေသည့် ရေနမူနာတွင် ကြွင်းကျန်ကလိုရင်း ပါဝင်မှုတိုင်းတာခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပေးဝေသောရေတွင် ဘေးအန္တရာယ်ဖြစ်စေသော ဇီဝပိုးမွှားများ သန့်စင်နိုင်ရေးအတွက် ကလိုရင်းဆေးခတ်ခြင်းကို WHO သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး အထူးအလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ရာဇသင်္ဂဟလမ်းနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် လမ်းတစ်လျှောက် ရေတင်ရေဝပ်သောနေရာများတွင် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းအတွင်းနှင့် လမ်းဘေးတို့တွင် ရေဆင်းမြောင်းများ ဖောက်လုပ်ထားရှိမှုနှင့် ပန်းနှင်းဆီအဝိုင်းအနီး သာယာလှပစေရေးအတွက် ပန်းအလှပင် ငါးမျိုး စိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က သဲကောကြီးကျေးရွာအနီး လမ်းလယ်ကျွန်းတွင် ပန်းအလှပင်များ ထပ်မံဖြည့်တင်းစိုက်ပျိုးထားရှိရန်၊ မိုးရွာသွန်းမှုများပြားခြင်းကြောင့် လမ်းများပေါ်တွင် ရေတင်ရေဝပ်ခြင်းမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လေဆိပ်မုခ်ဦးအနီး လမ်းဘေးဝဲ/ယာတွင် သာယာလှပရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

ပြည်သူလူထု၏ အသက် အိုးအိမ်စည်းစိမ်များကို ကာကွယ် စောင့်ရှောက်ရန်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ရဲရဲဝံ့ဝံ့ သက်စွန့်ဆံဖျား ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ ဝန်ထမ်းများနှင့် မိသားစုများသာမက နိုင်ငံအတွင်းမှ အသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များကလည်း အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ချက်ပြုတ်ကြော်လှော် ပြင်ဆင်နေမှုများကို ကြည့်ရှုအားပေးစဉ်။

**ကြည့်ရှုအားပေး**

ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာ၊ မေတ္တာအပြည့်ဖြင့် ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်၊ ငါးပိထောင်း၊ ငါးသေတ္တာ၊ ငါးနီတူခြောက်ကြော်၊ ငါးကြင်းကြော်ဘူး၊ ငါးဆုပ်ဟင်းဘူး၊ ကြက်သားနှပ်ဘူး၊ ဘာလချောင်ကြော်၊ လက်ဖက်ချဉ်စပ်၊ ကုလားပဲနှပ်၊ ဆေးပေါ့လိပ်၊ မြေပဲပွ၊ မြေပဲဆံလှော်နှင့် အားဖြည့်အချိုရည်များ လှူဒါန်းနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမတွင် ပြင်ဆင်ထုပ်ပိုးနေမှုများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။

နိုင်ငံခြားရေးဝန်ကြီး ဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာ များကို ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးနိုင်ရေး နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

**စုပေါင်းချက်ပြုတ်ကြော်လှော်**

အလားတူ ယနေ့တွင် တတိယအကြိမ် ပေးပို့လှူဒါန်းနိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို စုပေါင်းချက်ပြုတ် ကြော်လှော်ကြပြီး စိတ်အားထက်သန်စွာဖြင့် ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုဝင်များအနေဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ မြေပဲကြော်၊ ဘာလချောင်ကြော်၊ ငါးနီတူခြောက်ကြော်၊ အသင့်စား ချဉ်ပေါင်ကြော်၊ ငါးသေတ္တာဘူး၊ လက်ဖက်နှပ်၊ ငါးပိထောင်းဘူး၊ သရက်သီးသနပ်၊ ခေါက်ဆွဲခြောက်၊ ငါးကြင်းဆန်ပြုတ်စသည့် စားသောက်ဖွယ်ရာ ၁၀ မျိုးတို့အား အထုပ် ၁၅၀၀ စီ၊ ကော်ဖီမစ်နှင့် တီးမစ် အထုပ် ၃၀၀၀ စီတို့အား ဩဂုတ်၁၄ ရက်တွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်သို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

စားသောက်ဖွယ်ရာများနှင့် အတူ ဝန်ကြီးဌာနအရာထမ်း၊ အမှုထမ်းများ၏ မိသားစုများက "ကိုယ်ရည်ကိုယ်သွေးပြည့်ဝ ကြံ့ခိုင်ကြပါစေ" ဟူသည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ထည့်သွင်းပေးပို့ကြသည်။



နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို တွေ့ရစဉ်။

မှုများကိုပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့် နယ်မြေဒေသကာကွယ်ရေးအတွက် မိမိတို့၏အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာဖြင့် ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးခြောက်၊ အသားတုနှင့် ငရုတ်သီးကြော်၊ ငါးပိငံပြာရည်ကြော်၊ ပဲမျိုးစုံကြော်၊ လက်ဖက်၊ ဆေးလိပ်နှင့် အခြား စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တိုင်းရင်းသားပြည်သူများက "တိုင်းပြည်၏ အန္တရာယ် ရန်စွယ်အပေါင်းကို တွန်းလှန် တိုက်ခိုက်နေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးစားဂုဏ်ယူလျက်ရှိကြောင်း၊ မကြာမီ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အေးချမ်းစွာ ပြန်လည်နေထိုင်



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ကြည့်ရှုအားပေးစဉ်။

ထမ်းများက "တရားသောစစ် မုချအောင်ရမည်၊ အမောင်စစ်သည်တို့နှင့်အတူ တစ်သွေးတည်းတစ်သားတည်း အတူရပ်တည်နေသည်ကို ခြွင်းချက်မရှိ ယုံကြည်၍ ပေးအပ်သည့် အမိန့်နှင့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပြီး အောင်ပွဲများနှင့်အတူ ပြန်လာချိန်ကို သပြေပန်းနှင့်ကြိုဆိုရန် အသင့်စောင့်မျှော်နေမည်" အစရှိသည့် ဆုတောင်းမေတ္တာ စာလွှာများကိုလည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့တို့မှ ပြည်သူများက ဩဂုတ် ၁၁ ရက်တွင် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ စားသောက်ဖွယ်ရာများ စုပေါင်းကြော်လှော်ချက်ပြုတ်ကြပြီး ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ထုပ်ပိုးနေရတော့မည်ဟု ယုံကြည်မျှော်လင့်နေကြောင်း" စသည့် မေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများ စုပေါင်း၍ ဩဂုတ် ၁ ရက်တွင် ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းခဲ့ပြီး ယခုအခါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တိုင်းရင်းသားပြည်သူများ စုပေါင်း၍ ဒုတိယအကြိမ်အဖြစ် ငွေကျပ်သိန်း ၁၀၀ ကျော်တန်ဖိုးရှိစားသောက်ဖွယ်ရာများ ထပ်မံပေးပို့ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ဩဂုတ် ၅ ရက် ညနေပိုင်းက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ စုပေါင်း၍ စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး စိတ်အားထက်သန်စွာ ပြင်ဆင်ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ခေါက်ဆွဲခြောက် ၁၄၈၄၆ ထုပ်၊ ကြာဆံခြောက်အထုပ် ၉၀၀၊ ငါးသေတ္တာဘူး ၂၁၀၊ ကော်ဖီမစ် ၁၃၇ ပါကင်၊ ကွေကာအုပ် ၁၀ ပါကင်၊ ငါးပိထောင်းဘူး ၅၀၊ ငါးပိကြော်ထုပ် ၆၀၊ အမွှေးဆပ်ပြာ ၁၆၈ တုံး၊ ဓာတ်ဆားထုပ် ၂၅၀၊ ဆေးလိပ် ၁၀၆၀၀၊ ဂက်စ်မီးခြစ် အလုံးရေ ၁၀၀၊ သွားတိုက်ဆေးဘူး ၂၂၀၊ လက်ဖက်အသား နှစ်ပိဿာ၊ နှစ်ပြန်ကြော် သုံးပိဿာ၊ ကိတ်ခြောက် ၂၈ ဘူး၊ မိုးကာအထည် ၂၀၊ တီရှပ် ၁၀ ထည်၊ ငံပြာရည်ဘူး ၂၄၀၀၊ အချိုရည်ဘူး ၆၀၀၊ လက်ဆေးဆပ်ပြာဘူး ၁၅၀၊ ဆန်ကွတ်ကီးမုန့်ထုပ် ၇၂၀၀၊ ဂျက်ကက်အင်္ကျီအထည် ၅၀၊ ဘောင်းဘီရှည်အထည် ၅၀၊ အဝတ်အထည်မျိုးစုံ အထည် ၁၀၀ တို့ကို လှူဒါန်းသွားမည်ဖြစ်သည့်အပြင် "ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" စသည့်ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ငွေကျပ် ၂၈၇၇၅၅၉၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အလုံမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ



**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ အလုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်၊ အလုံခရိုင်ပညာရေးမှူး (တာဝန်ခံ) လက်ထောက်ညွှန်ကြားရေးမှူး စီမံဘဏ္ဍာ ဒေါ်ခင်ချောစုလှိုင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင် ဒေါ်ယဉ်ယဉ်သန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေ၊ စာအုပ်စာစောင်များ လှူဒါန်းလက်ခံခြင်းနှင့် "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဟောပြောသည့် စာရေးဆရာ လင်းသိုက်ညွှန့်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ဒုတိယပိုင်း အခမ်းအနားတွင် စာရေးဆရာ လင်းသိုက်ညွှန့် (မြန်မာ့မြေ)က "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် စာပေဟောပြောခြင်း၊ အလုံမြို့နယ် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ဦးရွှေရိုးဒေါ်မိုး"သီချင်းဖြင့် ကပြဖျော်ဖြေခြင်း၊ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသားကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်" သီချင်းဖြင့် သီဆိုဖျော်ဖြေခြင်း၊ ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခြင်း၊ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်ဧရိယာ (၃၄၈၅)စတုရန်းပေအား ရွှေစင်ရွှေပြားများကပ်လှူပူဇော်လျက်ရှိရာ (၂၃၁၈)စတုရန်းပေဧရိယာအတွက် သာသနာ့နွယ်ဝင် အလှူရှင်များမှ လှူဒါန်းပူဇော်ခဲ့ပြီးဖြစ်ရာ ဧရိယာ(၁၁၆၇) စတုရန်းပေအတွက် လှူဒါန်းရန်ကျန်ရှိနေပါသည်။

ရွှေစင်ရွှေပြား(၁)ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ မ,တည်ကုန်ကျစရိတ်မှာ ၂၅,၀၀,၀၀၀/-(ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ)ဖြစ်ပါသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း တတိယအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ သဒ္ဓါကြည်လင် ပါရမီရှင်များမှ ကြုံတောင့်ကြုံခဲကာလတွင် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

၁။ ဦးမြင့်စိုး၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ
၀၉-၂၆၁၁၇၉၀၀၃

၂။ ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
၀၉-၄၀၄၄၃၄၄၉၉

၃။ ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၅၁၃၅၆၉၈

၄။ ဥပ္ပါတသန္တိစေတီတော်၊ ဂေါပကအဖွဲ့ရုံး
၀၉-၄၄၂၂၅၂၆၇၀

၅။ AYA PAY (Merchant ID. 20044314)

၆။ KBZ PAY (ID.70240001001)

## ငပုတောမြို့၌ ဧရာဝတီတိုင်းဒေသကြီးစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ပုသိမ် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ဧရာဝတီတိုင်းဒေသကြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ငပုတောမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "အလှဆုံးပန်းများပွင့်ကြပြီ" သီချင်းဖြင့် သီဆိုဖျော်ဖြေ ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျင်းပပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျင်းပခြင်းသည် ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်၊ စာကြည့်တိုက်များသို့ သွားရောက်၍ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာဖတ်သည့်ဓလေ့ကို ဖြစ်ထွန်းပေါ်ပေါက်စေရန် ရည်ရွယ်၍ တစိုက်မတ်မတ် ပြုလုပ်ခြင်းဖြစ်ကြောင်း အမှာစကားများ ပြောကြားပြီး ငပုတောမြို့အတွင်းရှိ ကျေးရွာစာကြည့်တိုက်သုံးတိုက်အတွက် ထောက်ပံ့ငွေနှင့် စာအုပ်စာစောင်များကိုလည်းကောင်း၊ ဖျော်ဖြေရေးအကအဖွဲ့များအတွက် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ပုံပြောပြိုင်ပွဲ၊ စာအုပ်စာစောင်များပြခန်း၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံများပြခန်း၊ စကားပုံဆက်/ အရုပ်ဆက်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ မီးသတ်ဦးစီးဌာနပြခန်း၊ စာအုပ်စာပေအရောင်းဆိုင်များတွင် ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာဖြင့် စာအုပ်စာပေများ လေ့လာဖတ်ရှုနေမှုများ၊ ခါးလှည့်ကွင်းပြိုင်ပွဲ၊ မြားပစ်ပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စား ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး အခြေခံပညာအထက်တန်းကျောင်း သုတဘဏ်စာကြည့်တိုက်သို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုများကို ဆက်လက်ကြည့်ရှုအားပေးခဲ့ပြီး သုတ၊ ရသစာအုပ်စာပေများ ယခုထက်ပိုမိုပြည့်စုံစွာထားရှိပေးရေး တာဝန်ရှိသူများကို မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ ကျောင်းကျန်းမာရေးအသိပညာပေးလုပ်ငန်း ဆောင်ရွက်

**ထန်းတပင် ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေး သီတင်းပတ်စစ်ဆေးပေးခြင်းနှင့် အသိပညာပေးခြင်းကို ယနေ့နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ ပြုလုပ်သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာတွင် ထန်းတပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးအဖွဲ့နှင့် ပညာရေးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကာ ကျောင်းသားကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်ဆေးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေး၊ နည်းစနစ်မှန် သွားတိုက်ခြင်း၊ မိုးတွင်းကာလ ကလေးငယ်များတွင် ဖြစ်ပွားသည့်သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများအကြောင်းကို အသိပညာပေး ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများက ကျောင်းအခြေပြုကာကွယ်ဆေးထိုးနှံမှု အခြေအနေများ၊ သန်ချဆေးတိုက်ကျွေးခြင်းနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအခြေအနေများကို မူလတန်းရှိ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခဲ့ပြီး KG တန်းရှိ ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးဦးစီးဌာနမှ သွားတိုက်တံများ ဝေငှပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား ကျင်းပ

တောင်ကြီး ဩဂုတ် ၁၃

၂၀၂၄ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ ဆောင်ပုဒ်ဖြစ်သည့် "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး" ဆောင်ပုဒ်နှင့်အညီ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ဩဂုတ် ၁၂ နံနက် ၉ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။




**အမှာစကားပြောကြား**

ဦးစွာ ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ထိုင်းနိုင်ငံ ဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲ သံပြားပစ် တတိယဆု၊ သံလုံးပစ် တတိယဆုရ (အားကစားနည်းနှစ်မျိုးလုံးတွင် မြန်မာပြည်စံချိန်သစ် တင်နိုင်ခဲ့သူ) အားကစားသမား မောင်ထက်ဝေယံ၊ 2024 ASEAN University Game Indonesia၊ Wushu Sanda 56kg ငွေတံဆိပ်ဆုရ အားကစားသမား မောင်ညီဇေယျာမင်းနှင့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် အမျိုးသား၊ အမျိုးသမီးဘော်လီဘော ပြိုင်ပွဲ တံခွန်စိုက်ဆုရ ပြည်နယ်ပညာရေးမှူးရုံး အမျိုးသားဘော်လီဘောအသင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်အတွင်းရှိ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ဆုတံဆိပ်ရ ထူးချွန်လူငယ်များ၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ၂၀၂၄ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှု မှတ်တမ်း Video clip ကို ပြသသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများနှင့် ပြခန်းများအား ကြည့်ရှုအားပေးခဲ့သည်။

**အသိပညာပေးဟောပြော**

ဆက်လက်ပြီး လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် နည်းပညာတက္ကသိုလ်(တောင်ကြီး)မှ ကျောင်းသားတစ်ဦးက အကျိုးပြုနည်းပညာများနှင့် လူငယ်များ၏ အခန်းကဏ္ဍ၊ ဆေးတက္ကသိုလ်(တောင်ကြီး)မှ ကျောင်းသားတစ်ဦးက လူငယ်နှင့် သဘာဝပတ်ဝန်းကျင်၊ တောင်ကြီးတက္ကသိုလ်မှ ကျောင်းသူတစ်ဦးက အားကစားစိတ်ဓာတ်ပြန့်ပွားရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍ၊ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက လူငယ်နှင့်အနာဂတ် နိုင်ငံတော် စသည့် ခေါင်းစဉ်တို့ဖြင့် အသိပညာပေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် လူငယ်စုံညီပွဲတော် ကျင်းပရေးကော်မတီမှဦးစီး၍ အခမ်းအနား တက်ရောက်လာသည့် လူငယ်များအတွက် အချင်းချင်းချစ်ကြည်စည်းလုံးမှုကို အခြေခံသည့် စုပေါင်း Game ကစားခြင်း၊ ရှမ်းပြည်နယ် ယဉ်ကျေးမှုပြတိုက်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(တောင်ကြီး)ရှိ စာကြည့်တိုက်သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲနှင့် ပြိုင်ပွဲကျင်းပ

မိတ္ထီလာ ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါသုတေသနပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားတွင် ပြပွဲနှင့်ပြိုင်ပွဲ မစတင်မီ ပါမောက္ခချုပ်ဒေါက်တာ ဘဟန်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြပွဲနှင့် ပြိုင်ပွဲကိုကျင်းပရာ ဘူမိဗေဒဌာန၊ သတ္တဗေဒဌာန၊ ရုက္ခဗေဒဌာန၊ ရူပဗေဒဌာန၊ သင်္ချာဌာန၊ ဓာတုဗေဒဌာန၊ ဒဿနိကဗေဒဌာန၊ အင်္ဂလိပ်စာဌာန၊ သမိုင်းဌာန၊ ပထဝီဝင်ဌာန၊ စီးပွားရေးပညာဌာန၊ ဥပဒေပညာဌာန၊ အရှေ့တိုင်းပညာဌာနနှင့် မြန်မာစာဌာနတို့ မှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ်ဆိုင်ရာပြိုင်ပွဲဝင်ပြခန်းများကို ပါမောက္ခချုပ် ဒေါက်တာ ဘဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများက လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ သုတေသန ပြပွဲနှင့် ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ဘာသာရပ်ဆိုင်ရာပြခန်းအဖွဲ့များထံသို့ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

# လှည်းကူးမြို့နယ်၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကို ဩဂုတ် ၁၂ ရက်က လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာတွင် ဖွင့်လှစ်ခဲ့သည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နီက ဌာန၏လုပ်ဆောင်နေမှုများ၊ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ စီမံကိန်း အကျိုးကျေးဇူးများနှင့် လုပ်ငန်း ထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးမည့် အစီအစဉ်များနှင့် လုပ်ငန်းထူထောင်မည့်သူများ ရွေးချယ်ရာတွင်လည်း အမှန်တကယ်လုပ်ငန်း ထူထောင်မည့်သူများကို ရွေးချယ်ရန် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းများကို တစ်လကြာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၅ ဦး တက်ရောက်ကြသည်။ သင်တန်းပြီးဆုံးပါက လုပ်ငန်းထူထောင်မည့်သူ ငါးဦးအား စိစစ်ရွေးချယ်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံး စက်ပစ္စည်းနှင့် ဆက်စပ် လုပ်ငန်းသုံးပစ္စည်းများကို သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဇင်(ပြန်/ဆက်)

# ကျိုက်ထိုမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေး

ကျိုက်ထို ဩဂုတ် ၁၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ ဖက္ကလိပ်ကျေးရွာရှိ အမက( ဖက္ကလိပ်)၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကြည်မင်းက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသူ ကျောင်းသားများအနေဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်



စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ကျိုက်ထို(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်၁၃ရက်က အ.မ.က(ဂုံးလမ်း)၌ ပြုလုပ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကိုကိုက သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေး ဟောပြောဆွေးနွေးစဉ်။

မြို့နယ်(ပြန်/ဆက်)



❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာ ပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အမေရိကန်သမ္မတဟောင်းဒေါ်နယ်ထရမ့် လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းခြင်းခံခဲ့ရသည့် ဘတ်တလာမြို့သို့ သွားရောက်မည်




ဝါရှင်တန် ဩဂုတ် ၁၃

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် ပြီးခဲ့သည့်လက ဘတ်တလာမြို့၌ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု ပြုလုပ်စဉ် လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းခြင်းခံခဲ့ရပြီး ယင်းသို့လုပ်ကြံခံရခြင်းကြောင့် ဒဏ်ရာရရှိမှုဖြစ်ပေါ်ခဲ့သည့် ဘတ်တလာမြို့သို့ အောက်တိုဘာလတွင် သွားရောက်လည်ပတ်ရန် စီစဉ်ထားကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်က ဖော်ပြထားသည်။

ထရမ့်သည် ဩဂုတ် ၁၂ ရက်က ဆိုရှယ်မီဒီယာပလက်ဖောင်း X ၌ စီးပွားရေးလုပ်ငန်းရှင် အီလောင်မက်စ်နှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းခန်းတွင် ပင်ဆယ်ဗေးနီးယား ပြည်နယ်ရှိ ဘတ်တလာမြို့သို့ အလည်အပတ်သွားရောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထရမ့်သည် အမေရိကန်နယ်စပ်ထိန်းချုပ်ရေးကိစ္စနှင့်ပတ်သက်၍ ၎င်း၏ ပြိုင်ဘက်သမ္မတလောင်း ကင်မလာဟဲရစ်အား ဝေဖန်ခဲ့ပြီး အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ်နှင့် ဒီမိုကရက်များက အမေရိကန်နယ်စပ်ကို ယခုချက်ချင်း ပိတ်နိုင်ကြောင်းလည်း ပြောဆိုခဲ့သည်ဟုဆိုသည်။

အီလောင်မက်စ်က ၎င်းသည် သမိုင်းကြောင်းအရ အစွန်းမရောက်သော ဒီမိုကရက်တစ်တစ်ဦး ဖြစ်ခဲ့သော်လည်း အမေရိကန်သားများနှင့် အမေရိကန်နိုင်ငံသည် အရေးကြီးသော အလှည့်အပြောင်းတစ်ခုတွင် ရှိနေသည်ဟု ခံစားရကြောင်း ပြောကြားခဲ့သည်။

သမ္မတဂျိုးဘိုင်ဒင်၏ အုပ်ချုပ်ရေးမှာ အလယ်အလတ် အုပ်ချုပ်ရေးဟု လူအများက ထင်မြင်နေကြကြောင်းနှင့် လာမည့်ရွေးကောက်ပွဲအတွက် ရီပတ်ဘလစ်ကန်ပါတီကိုထောက်ခံကြောင်း အီလောင်မက်စ်က ပြောကြားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အလင်းသစ်

# ဗီယက်နမ်နိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် ဘီယာနှင့်ယမကာများ ထုတ်လုပ်ခွင့်ဆိုင်ရာအခွန်ကို နှစ်ဆအထိ တိုးမြှင့်ကောက်ခံမည်

ဟန္နိုင်း ဩဂုတ် ၁၃

ဗီယက်နမ်နိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် အယ်လ်ကိုဟောပါဝင်မှု ၂၀ ရာခိုင်နှုန်းကျော်အထိရှိသည့် ဘီယာနှင့်ယမကာများ၏ ထုတ်လုပ်ခွင့်ဆိုင်ရာအခွန်ကို နှစ်ဆအထိ တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယမကာအခွန်တိုးမြှင့်ရေးဆောင်ရွက်ရာတွင် အဆိုပါဝန်ကြီးဌာနက နည်းလမ်းနှစ်သွယ်ကို တင်ပြခဲ့သည်။ ယင်းတို့အနက် ပထမနည်းလမ်းမှာ ယမကာများ၏ ထုတ်လုပ်ခွင့်ဆိုင်ရာအခွန်ကို ငါးရာခိုင်နှုန်းကျော် တိုးမြှင့်ရန်နှင့် ဈေးနှုန်းကို ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်ဖြစ်ပြီး ဒုတိယနည်းလမ်းမှာ ယမကာများ၏ ထုတ်လုပ်ခွင့်ဆိုင်ရာအခွန်ကို ၁၅ ရာခိုင်နှုန်းကျော် တိုးမြှင့်ရန်နှင့် ဈေးနှုန်းကို ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်ဖြစ်သည်။ နိုင်ငံအတွင်း စီးကရက်နှင့်ဆေးရွက်ကြီးအပါအဝင် မော်တော်ယာဉ် စသည့်ပစ္စည်းများထုတ်လုပ်ရာတွင်လည်း ထုတ်လုပ်မှုအခွန် ကောက်ခံခဲ့သည်။

ကမ္ဘာ့နိုင်ငံအများအပြားတွင် ယမကာထုတ်လုပ်ရေးအခွန်များကို တိုးမြှင့်ကောက်ခံလျက်ရှိသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# အစ္စရေးနိုင်ငံ၌ စွန့်ပစ်ရေကို စိုက်ပျိုးရေးလုပ်ငန်းတွင် ပြန်လည်သုံးစွဲနိုင်ရေး အခြေခံအဆောက်အအုံ တည်ဆောက်မည်




ဂျေရုဆလင် ဩဂုတ် ၁၃

အစ္စရေးနိုင်ငံ၌ စွန့်ပစ်ရေကို စိုက်ပျိုးရေးလုပ်ငန်းတွင် ပြန်လည်သုံးစွဲနိုင်ရေးအတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရန် ရှီကယ် ၅၂ သန်း သုံးစွဲမည်ဖြစ်ကြောင်း အစ္စရေးစိုက်ပျိုးရေးနှင့်စားရေရိက္ခာဆိုင်ရာဝန်ကြီးဌာနက ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

စွန့်ပစ်ရေများကို စိုက်ခင်းများတွင် သုံးစွဲရန်အတွက် ပေးဝေရာတွင် လွယ်ကူစေရေးအတွက် အခြေခံအဆောက်အအုံ တည်ဆောက်မည်ဟု ယင်းဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။ လက်ရှိအချိန်တွင် တစ်နှစ်လျှင်ပျမ်းမျှစွန့်ပစ်ရေ ပမာဏ ကုဗမီတာ ၆၈ သန်းကို ပင်လယ်အတွင်းသို့ စွန့်ပစ်နေရသည်။ ယခုကဲ့သို့ စွန့်ပစ်ရေများကို စိုက်ပျိုးရေးလုပ်ငန်းတွင် ပြန်လည်သုံးစွဲနိုင်ခြင်းဖြင့် ရှီကယ်ငွေသန်း ၅၀ ခန့် ချွေတာနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံ၏စားရေရိက္ခာဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ



# ဂရိနိုင်ငံ၌ တောမီးလောင်မှုဖြစ်ပွား

အေသင် ဩဂုတ် ၁၃

ဂရိနိုင်ငံ အေသင်မြို့အနီး၌ ဖြစ်ပွားနေသည့် တောမီးလောင်မှုကို မီးသတ်သမားများက ကြိုးပမ်းငြိမ်းသတ်နေကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ယင်းမီးငြိမ်းသတ်ရေးလုပ်ငန်းတွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အကူအညီများပေးအပ်နေသည်။ ယင်းတောမီးလောင်မှုသည် မြို့တော်အေသင်၏မြောက်ပိုင်းတွင် ယမန်နေ့ကစတင်ဖြစ်ပွားခဲ့ပြီး လက်ရှိအချိန်တွင် အေသင်မြို့မှ ၁၅ ကီလိုမီတာပတ်လည်အထိ ကူးစက်လောင်ကျွမ်းနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ မီးဘေးဒုက္ခသည်များအား အိုလံပစ်အားကစားရုံနှင့် အခြားအဆောက်အအုံများ၌ တာဝန်ရှိသူများက နေရာချထားပေးခဲ့သည်။

လက်ရှိအချိန်တွင် ပြင်သစ်နှင့်အီတလီမှ မီးသတ်သမားများနှင့် မီးသတ်ယာဉ်များကို စေလွှတ်ပေးခဲ့သည်။ ဂရိနိုင်ငံ၏ တောမီးငြိမ်းသတ်ရေးတွင် မိမိတို့ကူညီဆောင်ရွက်မည်ဟု ဥရောပကော်မရှင်အကြီးအကဲ ဗွန်ဒါလီယံက ပြောကြားခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် မီးလောင်မှုအားကောင်းလာပြီး မြေကေတစ်သိန်းခန့် လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် ဒဏ်ရာရရှိသူ ၆၆ ဦးအား ကုသပေးခဲ့ကြောင်း ဂရိကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ

# ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းသေဆုံးသူ ၄၀၀၀၀ နီးပါးရှိ

ဂါဇာ ဩဂုတ် ၁၃

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း သေဆုံးသူ ၄၀၀၀၀ နီးပါးအထိ ရှိလာခဲ့ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေး အာဏာပိုင်များက ဩဂုတ် ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးစစ်ဘက်၏တိုက်ခိုက်မှုကြောင့် ဂါဇာဒေသ၌ ၃၂ ဦး သေဆုံးပြီး ၈၈ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။ ပါလက်စတိုင်း–အစ္စရေး ပဋိပက္ခစတင်ဖြစ်ပွားခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်ကာ စုစုပေါင်း ပါလက်စတိုင်းသေဆုံးသူ ၃၉၉၂၉ ဦးနှင့် ၉၂၂၄၀ ဒဏ်ရာရခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အပျက်အစီးများအောက်နှင့် လမ်းများပေါ်တွင် ထိခိုက်ဒဏ်ရာရသူ အများအပြား ရှိနေဆဲဖြစ်ပြီး လူနာတင်ယာဉ်နှင့် ကာကွယ်ရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ထိခိုက်ဒဏ်ရာရသူများထံသို့ သွားရောက်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

**ခုနစ်ဦးသေဆုံး**

ထိုအတောအတွင်း ဂါဇာကမ်းမြောင် အလယ်ပိုင်း အယ်လ်ဘူရစ် ဒုက္ခသည်စခန်းရှိ နေအိမ်တစ်လုံးကို အစ္စရေးက ဗုံးခွဲတိုက်ခိုက်ခဲ့ပြီးနောက် ခုနစ်ဦး သေဆုံးခဲ့သည်။ ထို့ပြင် ဂါဇာကမ်းမြောင် အလယ်ပိုင်းရှိ အယ်လ်ဘာလာကို အစ္စရေးက ဗုံးကြဲတိုက်ခိုက်မှုအတွင်း လူလေးဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းသတင်းအေဂျင်စီက ဖော်ပြသည်။

ယခုအချိန်တွင် ဂါဇာကမ်းမြောင်ဒေသတွင် နေထိုင်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အစ္စရေးစစ်ဘက်က အမိန့်ပေးထားကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ ဩဂုတ် ၁၃ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးသတင်းတစ်ရပ်အရ သိရသည်။

ဇူလိုင် ၄ ရက်နောက်ပိုင်း ဂါဇာကမ်းမြောင်ဒေသရှိ စာသင်ကျောင်းများကို အစ္စရေး၏တိုက်ခိုက်မှု ၂၁ ကြိမ်ရှိခဲ့ခြင်းကြောင့် အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် အနည်းဆုံး ၂၇၄ ဦး သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးရုံး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်



# နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ လက်ကိုင်ဖုန်းလေးလုံးနှင့် မော်တော်ယာဉ်တစ်စီး လုယက်ယူဆောင်ခဲ့သူ တရားခံနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

ဩဂုတ် ၁၀ ရက် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက် မြတ်လေးလမ်း အကွက်အမှတ်(၅၉၅၈)နေ ဦးသန်းနိုင်ထွန်း ၄၉ နှစ်၏ နေအိမ်၌ လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်း၌ ဦးသန်းနိုင်ထွန်းနှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်စောသန္တာဦး ၄၈ နှစ်နှင့် သားဖြစ်သူ ကိုနောင်ရွှေအုပ်စိုး ၂၉ နှစ်တို့အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး အဆိုပါနေအိမ်ရှိ YGN–36 5E/9185 Ractis အမျိုးအစား ခဲရောင်မော်တော်ယာဉ်မှာ ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဘုရားကုန်းမြို့မ ရဲစခန်း(ပ)၃၉/၂၀၂၄၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၉၄/၃၄ ဖြင့် အမှုဖွင့်လှစ် စုံစမ်းစစ်ဆေးခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ဖြင့် အခင်းဖြစ်ရပ်မှတ်တမ်း အထောက်အထားများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ လုံခြုံရေးဆိုင်ရာအထောက်အကူပြုပစ္စည်းများမှ သတင်းအချက်အလက်များ ရယူဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၁ ရက်တွင် အဆိုပါ YGN–36 5E/9185 Ractis ခဲရောင်မော်တော်ယာဉ်အား ပျဉ်းမနားမြို့ ပေါင်းလောင်း





ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ လက်ကိုင်ဖုန်းလေးလုံးနှင့် မော်တော်ယာဉ်တစ်စီး လုယက်ယူဆောင်ခဲ့သူ တရားခံနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

(၂)ရပ်ကွက်ရှိ ရွှေပေါင်းလောင်းတည်းခိုခန်းအနီး လမ်းမပေါ်တွင် တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ တရားခံများအား ကွင်းဆက်မပြတ် ဆက်လက်စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံဖြစ်သည့် ဝင်းမင်းသူ (ခ) ဖိုးလပြည့် (ခ) ဇော်ဇော် ၁၉ နှစ် (ဘ) ဦးကျော်သူ ချောင်းစောက်ကျေးရွာ ပုဗ္ဗသီရိမြို့နယ်နေသူအား ဩဂုတ် ၁၂ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့မှ ချောက်မြို့သို့ ထွက်ခွာလာသည့် မြသရဖူ ခရီးသည်တင်ယာဉ်ပေါ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းမင်းသူ (ခ) ဖိုးလပြည့် (ခ) ဇော်ဇော်၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သူ တရားခံ ရဲထက်ကျော် ၁၉ နှစ် (ဘ) ဦးကျော်အေး ဥတ္တရသီရိရပ်ကွက် ဥတ္တရသီရိမြို့နယ် နေသူအား ယင်းနေ့ ည ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာအင်း(အနောက်)ကျေးရွာ၌ လူသတ်မှုကျူးလွန်၍ လုယက်ယူဆောင်ခဲ့သည့် လက်ကိုင်ဖုန်းနှစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းမင်းသူ (ခ) ဖိုးလပြည့် (ခ) ဇော်ဇော်နှင့် ရဲထက်ကျော်တို့၏ ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦးသည် သေဆုံးသူ နောင်ရွှေအုပ်စိုးနှင့် မိတ်ဆွေ သူငယ်ချင်းများ ဖြစ်ကြပြီး နောင်ရွှေအုပ်စိုးမှာ မူးယစ်ဆေးဝါး သုံးစွဲလေ့ရှိသူ ဖြစ်ကြောင်း၊ နောင်ရွှေအုပ်စိုး၏ နေအိမ်၌ ၎င်းတို့နှစ်ဦးနှင့်အတူ မကြာခဏ အရက်နှင့် ထန်းရည်အတူသောက်ခြင်းတို့ကို ပြုလုပ်လေ့ရှိကြောင်း၊ တရားခံ ရဲထက်ကျော်က ဆိုင်ကယ်အသစ်ဝယ်ယူရန်အတွက် ငွေကြေးလိုအပ်နေသဖြင့် သူငယ်ချင်းဖြစ်သူ နောင်ရွှေအုပ်စိုးတို့ မိသားစုအား သတ်ဖြတ်ပြီး ၎င်းတို့ပိုင် မော်တော်ယာဉ်အား ရောင်းချပါက ငွေများရရှိနိုင်ကြောင်း၊ ရောင်းချငွေများအား ၎င်းတို့နှစ်ဦးက တစ်ဝက်စီခွဲဝေယူရန် တိုင်ပင်ခဲ့ကြပြီး ဩဂုတ် ၈ ရက် ည ၇ နာရီတွင် နောင်ရွှေအုပ်စိုး၏ နေအိမ်သို့ သွားရောက်၍ အရက်အတူသောက်စားခဲ့ပြီးနောက် နောင်ရွှေအုပ်စိုးနှင့် ၎င်း၏မိဘများဖြစ်သည့် ဦးသန်းနိုင်ထွန်း၊ ဒေါ်စောသန္တာဦးတို့သုံးဦးအား အသင့်ယူဆောင်လာသည့် သစ်သားတုတ်၊ ဓားများဖြင့် ရိုက်နှက်ထိုးခုတ်သတ်ဖြတ်ခဲ့ကာ နေအိမ်ရှိ လက်ကိုင်ဖုန်းလေးလုံး၊ YGN–36 5E/9185 Ractis အမျိုးအစား ခဲရောင်မော်တော်ယာဉ် တစ်စီးတို့အား ယူဆောင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရသည်။

ဖြစ်စဉ်တွင် တရားခံများဖြစ်ကြသည့် ဝင်းမင်းသူ(ခ)ဖိုးလပြည့်(ခ)ဇော်ဇော်နှင့် ရဲထက်ကျော်တို့သည် ငွေကြေးလိုအပ်ချက်အရ သူငယ်ချင်းဖြစ်သူနှင့် ၎င်း၏ မိဘများအား သတ်ဖြတ်ကာ လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး တရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၁ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၁၅ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး တို့တွင် ငွေကျပ် ၁ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၁၅ သိန်း သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၈ ရက် ညနေ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ (၇)ရပ်ကွက် မြို့မဈေးရှေ့တွင် မုံရွာမှ ယင်းမာပင်ဘက်သို့ ခင်မောင်ဆန်း မောင်းနှင်ပြီး လွှင်မင်းသန့် လိုက်ပါလာသည့် CANTER ခြောက်ဘီးယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး



ကြင်ဆွန်း(ခ)ကျင်စွမ်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖော်ထုတ်ချက်အရ ဩဂုတ် ၉ ရက် နံနက် ၈ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကျောမြို့ အမှတ်(၁)ရပ်ကွက်တွင် ကွင်းဆက်တရားခံ ကြင်ဆွန်း(ခ)ကျင်စွမ်းအား HILUX SURF ယာဉ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၇ သိန်းနှင့် လည်းကောင်း။

ယင်းနေ့နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ထွင့်မြတ်ဦး(ခ)အီးတီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ခင်မောင်ဆွေအား စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄၅ သိန်းနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားများအား မန္တလေးမှ ကလေးသို့ သယ်ဆောင်ခိုင်းသူ ထွင့်မြတ်ဦး(ခ)အီးတီအား ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်–မန္တလေး အမြန်လမ်း (၂၀၁)မိုင်တိုင်ကိုတ်တွင် လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၈-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရှုံသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ မြန်မာပြည်တောင်ပျားမှသဘာဝအစွမ်းကမ်းဇော်ဆီ
- ၀၉:၁၅ စနစ်တကျပန့်ပွားတီထွင်မြန်မာ့အထူးတန်းကော်ဖီလုပ်ငန်းခွင်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၂၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၃၅ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း–၂၅)
- ၁၃:၀၅ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်ကမ္ဘာထဲက ငွေရည်စိမ်မှတ်တမ်း' (အပိုင်း–၄)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၅၀ မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၁၀ ရှေးသို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၄၀ NEXT LEVEL
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း–၃၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၅ (၁၆)ကြိမ်မြောက်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဇာတ်တော်ကြီးပြိုင်ပွဲ) 'ဘူရိဒတ်ဇာတ်တော်ကြီး' (ဒုတိယဆု) (စစ်ကိုင်းတိုင်းဒေသကြီး)(ဒုတိယပိုင်း)

### mitv

- 07:01 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:10 Myanmar Puppeteers (Chinlone)
- 07:21 Nature's Progeny Town: December Garden
- 07:46 Myanmar Masterclass: Artist Than Kywe
- 08:01 News
- 08:26 Asia Updates; NFT Town (NHK World)
- 08:31 Nyaung Oo Phee Island
- 09:01 Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya (Ep-2)
- 09:21 Pauk Thit Basketry Village
- 09:40 Traditional Customs of Holy Waso
- 09:53 K- Pop Live Show (Rain)
- 10:01 News

### MRTV NRC

- **ဝ (၀၆:၀၀ မှ ၀၈:၀၀)** မြေဩဇာပြုလုပ်နည်း
- **ကချင် (၀၈:၀၀ မှ ၁၀:၀၀)** လီဆူရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
- **ကယား (၁၀:၀၀ မှ ၁၂:၀၀)** ကန်စွန်းဥရဲ့ကျန်းမာရေး
- **ပကောကရင် (၁၂:၀၀ မှ ၁၃:၀၀)** 'ဝ'ရိုးရာမုန့်ညှင်းဆန်လှော်ဟင်းရည်နှင့် အမဲသားထောင်း
- **အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)** ကရင်စာပေစကားပြောကြရအောင်(အပိုင်း–၈)
- **အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)** ရာသီပန်းကလေးပွင့်လန်းလို့မွှေး
- **ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)** နွားနောက်မြီးစွပ်ပြုတ်
- **ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)** မဒါးအိမ်နားသို့အလည်တစ်ခေါက်
- **မွန် (၁၇:၀၀ မှ ၁၉:၀၀)** ရှေးဟောင်းမွန်ရိုးရာတူရိယာ
- **ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)** ရခိုင်ရိုးရာလယ်ထွန်မင်္ဂလာနေ့
- **ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)** ထိန်းသိမ်းအစဉ်အလာတို့ဝလေ့ရိုးရာ (တိုင်းမောစ်၊တိုင်းနေ၊တိုင်းလျန်)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၄၅ Footbal Highlights
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကွက်လပ်ဖြည့်ပါ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၁:၀၀ ရှေးသို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း–၃၂)
- ၁၈:၀၀ Economic Review

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ Satyaprem.Ki.Katha.2023 (ဇာတ်လမ်း)
- ၂၂:၀၀ The Seeds We Sow
- ၂၂:၃၀ ရေမဆေးဘကျော်ဘမော်

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ စုစုပေါင်းငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ်စာချုပ်အား လုယက်မှုကျူးလွန်သူ တရားခံလေးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၄ ခုနှစ် ဩဂုတ် ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သူဌေးကွင်းကျေးရွာနေ ဒေါ်သန်းသန်းဆင့်(ခ) မအကြီးမ (၄၉)နှစ်သည် မိသားစုများအလုပ်ကိုယ်စီသွားနေစဉ် နေအိမ်၌ တစ်ဦးတည်းကျန်ရှိခဲ့ပြီး မောင်ဖြစ်သူ ကိုမင်းအောင်ကျော် အလုပ်မှနေအိမ်သို့ ည ၆ နာရီခွဲခန့် ပြန်လည်ရောက်ရှိစဉ် အစ်မဖြစ်သူ ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမမှာ နေအိမ်အိပ်ခန်းအတွင်း ခုတင်ဘေးတွင် ဒဏ်ရာများဖြင့် သေဆုံးနေပြီး နေအိမ်ဘီရိုနှစ်လုံးအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ ၁၀ ကျပ်သားနှင့် ငွေကျပ်သိန်း ၃၀၀၊ လက်ကိုင်ဖုန်းသုံးလုံး၊ မြေအရောင်းအဝယ်စာချုပ် တစ်စောင် စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၉၈၇ သိန်းခန့် ပျောက်ဆုံးလျက်ရှိကြောင်း တွေ့ရှိရသဖြင့် သန်လျင်မြို့မရဲစခန်း(ပ)၂၉၁/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံများ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့သည်။



သန်လျင်မြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ စုစုပေါင်းငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ်စာချုပ်အား လုယက်မှုကျူးလွန်သူ တရားခံလေးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**စုံစမ်းစစ်ဆေးဖော်ထုတ်**

အထက်ပါဖြစ်စဉ်မှ တရားခံများဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ နေအိမ်အတွင်း ဝင်ရောက်ကာ သတ်ဖြတ်လုယက်မှုအား ပူးပေါင်းကျူးလွန်သူ သန်လျင်မြို့နယ် သူဌေးကွင်းကျေးရွာ(အရှေ့ပိုင်း) ရွှေနှင်းဆီလမ်းနေသူများ ဖြစ်ကြသည့် အောင်အောင်ဦး(ခ)မှဲ့ကြီး(၂၃)နှစ် (ဘ)ဦးနိုင်လင်း၊ သန်းဇော်ထွေး(ခ)မိုးဒီ (၂၁)နှစ် (ဘ)ဦးနိုင်လင်း၊ အောင်ခန့်ဇော်(ခ) ဖားကြီး(၂၄)နှစ် (ဘ)ဦးအောင်မြင့်နှင့် ဟိန်းကိုကို(ခ) ဟိန်းကို(ခ) ကပ္ပလီ(၂၆)နှစ် (ဘ) ဦးမြင့်နိုင်တို့ လေးဦးအား ဩဂုတ် ၉ ရက်တွင် ၎င်းတို့၏ နေအိမ်အသီးသီး၌ သတ်ဖြတ်လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အောင်အောင်ဦး(ခ)မှဲ့ကြီးသည် သေဆုံးသူ ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမအား အကြွေးများ မပေးဆပ်လိုခြင်းနှင့် လောင်းကစားပြုလုပ်ရာမှ ငွေကြေးလိုအပ်မှုများရှိနေသောကြောင့် ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမ၏ နေအိမ်အတွင်း ဝင်ရောက်သတ်ဖြတ်လုယက်ရန် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူတရားခံများနှင့် ဇူလိုင် ၃၀ ရက်တွင် ကြိုတင်တိုင်ပင်ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း။

အခင်းဖြစ်နေ့တွင် အောင်အောင်ဦး(ခ)မှဲ့ကြီးနှင့် အောင်ခန့်ဇော်(ခ) ဖားကြီးတို့နှစ်ဦးသည် ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမ၏ နေအိမ်အတွင်းသို့ ဝင်ရောက်ကာ ဒေါ်သန်းသန်းဆင့်အား အောင်ခန့်ဇော်(ခ)ဖားကြီးက ချုပ်နှောင်ပေးပြီး အောင်အောင်ဦး(ခ) မှဲ့ကြီးက လည်ပင်းညှစ်၍ သတ်ဖြတ်ကာ နေအိမ်ဘီရိုနှစ်လုံးအတွင်းမှ စုစုပေါင်းငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ်စာချုပ် တစ်စောင်တို့အား လုယက်ယူဆောင်ခဲ့ကြကြောင်း။

**ဖော်ထုတ်သိရှိရ**

လုယက်ပြီးနောက် နေအိမ်အနီးတွင် အခြေအနေစောင့်ကြည့်ပေးနေသူ ဟိန်းကိုကို(ခ) ဟိန်းကို(ခ)ကပ္ပလီအား ခေါ်ဆောင်ကာ အောင်သပြေလမ်းချောင်းကူးတံတားအနီးတွင် အသင့်စောင့်ဆိုင်းနေသည့် သန်းဇော်ထွေး(ခ)မိုးဒီမောင်းနှင်သော BGO-115N/6631 BONGO အမျိုးအစား မော်တော်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်း ဝင်ရောက်ကာ လူသတ်လုယက်မှုကျူးလွန်ခဲ့သူ အောင်အောင်ဦး(ခ)မှဲ့ကြီးပါ တရားခံလေးဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်း၍ ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်းကာ အခင်းဖြစ်ပွားပြီးချိန်မှ အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်ခဲ့**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “မိန်းမရိုင်း” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် ဘားအံမြို့နယ်နေ အိစန္ဒာခိုင်အား နံနက် ၄ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ “Yair Yint Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ရဲရင့်အောင်(ခ)ကိုရဲအား မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Moe Moe (Moe Moe Bago)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်နေ မိုးသီတာအေး(ခ)သီတာအား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Thant Chit Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ သန်းဌေး(ခ) အငယ်လေး(ခ)မိစံအား မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အင်္ဂပူမြို့နယ်တွင် စစ်မှုထမ်းဆောင်ရန် အသက်ပြည့်သူများ၏ နေအိမ်တိုင်းကို ငွေကျပ်တစ်သိန်းခွဲအထိ တောင်းယူနေကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သပြေကျေးရွာအုပ်စုတွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း စစ်မှုထမ်းဆောင်ရန် အသက်ပြည့်မီသူများ၏ နေအိမ်တိုင်းကို ငွေကျပ်တစ်သိန်းခွဲအထိ အုပ်ချုပ်ရေးမှူးက တောင်းယူနေကြောင်းကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေ နေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ မှန်ကန်မှုမရှိကြောင်းနှင့် စစ်မှုထမ်းဆောင်ရန်အတွက် ဆင့်ခေါ်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သည့်အကြောင်းနှင့်မျှ ငွေကြေးတစ်စုံတစ်ရာကောက်ခံရန် ညွှန်ကြားထားခြင်းမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းနိုင်သည့် ဖုန်းနံပါတ်များကိုလည်း ပြည်သူများ သိရှိစေရန် ထုတ်ပြန်ထားရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူလူထု အထင်အမြင် လွဲမှားစေရန် လုပ်ကြံရေးသား ဝါဒဖြန့်ခြင်းသာဖြစ်ကြောင်း မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သတင်းစဉ်

# ပေါက်ခေါင်းမြို့နယ်၌ မိုးနှောင်းဝါစိုက်ပျိုးထားရှိမှု ကွင်းဆင်းစစ်ဆေး

ပေါက်ခေါင်း ဩဂုတ် ၁၃

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ကေလျှင် ငွေကျပ်နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုများအား အခြေခံသမဝါယမအသင်း ရှစ်သင်း၊ အသင်းသား ၃၃၄ ဦး၏ ဝါစိုက်ကေ ၁၀၀၀ အတွက် ငွေကျပ်သိန်း ၂၀၀၀ အား ပံ့ပိုးပေးခဲ့ပြီး ငါးခူအိုင်ကျေးရွာအုပ်စု ငွေလမင်းစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှ အသင်းသား တောင်သူ ဦးအောင်မြင့်သိန်း၏ ဝါစိုက်ခင်းတွင် RAKA-666 မျိုးစိုက်ပျိုးထားရှိမှုအား ဩဂုတ် ၁၁ ရက်က မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



သန်းထွန်းအောင်(ပြန်/ဆက်)

# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**ပြန်လည်ရောက်ရှိ**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မခမ်းဘွာအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံမှ အစိုးရ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မခမ်းဘွာသည် ဩဂုတ် ၁၂ ရက် ဒေသစံတော်ချိန် ၁၂ နာရီ ၅၅ မိနစ်တွင် ဘဂ္ဂဒက်မြို့မှ ဘာရိန်း-ဗန်ကောက် - ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ဩဂုတ် ၁၃ ရက် ညနေ ၆ နာရီတွင် ပြန်လည်ရောက်ရှိခဲ့သည်။

အရှေ့အလယ်ပိုင်း နိုင်ငံများတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး တို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**






# သထုံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုပြုလုပ်

သထုံ ဩဂုတ် ၁၃

မွန်ပြည်နယ် သထုံမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအစီအစဉ်ကို ယနေ့နံနက်ပိုင်းက သိမ်ကုန်းရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ဘဝတွက်တာ သိမှတ်စရာ ကျန်းမာရေးအသိပညာပေး မေးခွန်းများ မေးမြန်းခြင်း၊ ၂၀၂၄ ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု၏ ဆောင်ပုဒ်ဖြစ်သည့် “ဗလငါးတန်ဖွံ့ဖြိုးရေး ကျောင်းကျန်းမာရေး အလေးပေး” ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခြင်း၊ “ကျန်းမာရေးနှင့် ညီညွတ်ဖို့ဂိမ်းကစားတာလျှော့ကြစို့”ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ပြုလုပ်ခြင်း၊ ကျန်းမာရေးပညာပေး ပန်းချီဆွဲ၊ ဆေးရောင်စုံခြယ်ခြင်း စသည့် အစီအစဉ်တို့ကို ပြုလုပ်ပေးရာ ကျောင်းသား ကျောင်းသူများက ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဟသ်ာတတက္ကသိုလ်၌ ဥပဒေပိုင်းဆိုင်ရာအခြေခံအသိအမြင်များပို့ချခြင်း သင်တန်းဖွင့်

ဟသ်ာတ ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတတက္ကသိုလ် ပင်မလေးထပ်ဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များပို့ချခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီခွဲက အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး ဟသ်ာတတက္ကသိုလ် ဥပဒေဌာန ဌာနမှူး/ပါမောက္ခ ဒေါက်တာမိုးသူက “Short Lecture Constitution And Election in Myanmar”ခေါင်းစဉ်ဖြင့် သင်ကြားပို့ချခဲ့သည်။



အခမ်းအနားသို့ ဟသ်ာတတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီရွှေ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးလွင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာရီရီသန်း၊ သင်ကြားရေးဌာနအသီးသီးမှ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဟသ်ာတတက္ကသိုလ် ဥပဒေဌာနနှင့် ရူပဗေဒဌာနမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်းအား ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ဟသ်ာတ တက္ကသိုလ် အတန်းအသီးသီးမှ ကျောင်းသား ကျောင်းသူများအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်
## ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၃၅ | ၂၉၆၅ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၇၀ | ၃၂၇၀ | ၄၅၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၇၀ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၅ | ၂၉၉၅ | ၂၉၅၀ | ၃၀၇၅ | ၃၁၀၅ | ၂၉၆၀ | ၂၉၇၅ | ၃၀၀၅ | ၂၉၉၅ | ၃၀၁၀ | ၃၄၁၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၀ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၅၅ | ၂၅၇၀ | ၂၉၇၅ | ၄၅၅၀ |
| HSD (50 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |
| HSD (10 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၀ | ၂၆၈၆ |
| 95 Ron | ၂၇၃၆ | ၂၈၂၄ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

☆ **ကျောဖုံးမှ**

အက်သလက်တီကိုမက်ဒရစ်အသင်းအနေနဲ့ အာဂျင်တီးနားတိုက်စစ်မှူး အယ်လ်ဗာရက်ဇ်ကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၆၄ ဒသမ ၄ သန်းပေးမှာဖြစ်ပြီး ပေါင် ၁၇ ဒသမ ၁ သန်းကိုလည်း ထပ်မံပေးသွားမယ်လို့ သိရပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်ဟာ ၂၀၂၂ ခုနှစ်အတွင်းက တောင်ပံကစားသမား စတာလင်ကို ချယ်လ်ဆီးအသင်းဆီ ပေါင်သန်း ၅၀ နဲ့ ရောင်းချခဲ့ပြီးနောက် မန်စီးတီးအသင်းအတွက် ဒုတိယမြောက် စံချိန်တင်ကစားသမားရောင်းချမှုဖြစ်လာခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက ခေါ်ယူခဲ့စဉ်က ရစ်ဗားပလိတ်အသင်းကို ပြောင်းရွှေ့ကြေးပေါင် ၁၄ ဒသမ ၁ သန်းသာ ပေးချေခဲ့ရတာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းမှာ ကစားခဲ့စဉ်က နှစ်နှစ်တာကာလအတွင်း အဓိကဆုဖလားစုစုပေါင်း ခြောက်ခုကို ရရှိခဲ့တာဟာ သူ့ရဲ့နှလုံးသားထဲမှာ အစဉ်သဖြင့်ရှိနေမှာပဲဖြစ်တယ်လို့ အက်သလက်တီကို မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ခဲ့ချိန်မှာ အယ်လ်ဗာရက်ဇ်က ပြောကြားခဲ့ပါတယ်။

**ငွေကြယ်**

❖ **မြန်မာအမျိုးသမီးမှ**

ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၃၈ မိနစ်တွင် လှယဉ်ဝင်းက မြဝတီအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးရရှိရန် ကြိုးပမ်းခဲ့ပြီး မြဝတီအသင်းအတွက် အနိုင်ဂိုးကို ၈၇ မိနစ်တွင် လှယဉ်ဝင်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မြဝတီအသင်းအတွက် နှစ်ဂိုးသွင်းယူခဲ့သည့် လှယဉ်ဝင်းက ရရှိသည်။ ယခုပွဲအပြီးတွင် မြဝတီအသင်းက ၁၂ ပွဲကစား ရမှတ် ၂၀ ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ၁၁ ပွဲကစား ၁၁ ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရ**

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ထိပ်ဆုံးတွင် လေးမှတ်အသာဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ကိုးမိနစ်တွင် လင်းမြင့်မိုရ်၊ ၁၄ မိနစ်တွင် ရွှေရည်ထွန်း၊ မိနစ် ၃၀ တွင် နုနုတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်းမှ လင်းမြင့်မိုရ်က ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၁ ပွဲကစား ၂၉ မှတ်၊ သစ္စာအားမာန်အသင်းက ၁၁ ပွဲကစား ၁၂ မှတ် ရရှိသည်။

ပွဲစဉ်(၁၃)ဒုတိယနေ့ကို ဩဂုတ် ၁၄ ရက်တွင် YUSC ကွင်း၌ ဧရာဝတီအသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MWL**

# ဒုတိယဝန်ကြီး ဒေါ်နုမြဖီ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု လှည့်လည်စစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၃**


သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန(ယဉ်ကျေးမှု) ဒုတိယ ဝန်ကြီး ဒေါ်နုမြဖီသည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသ ကြီး ပုဂံယဉ်ကျေးမှု အမွေအနှစ် ဒေသရှိ ရှေးဟောင်းအဆောက် အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ရှေးဟောင်းဘုရားများရှိ ချုံနွယ် ပိတ်ပေါင်းများကို ဇရိယာ ၁၁ ပိုင်း ပိုင်းခြား၍ ရှင်းလင်းဆောင်ရွက် နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ဒုတိယဝန်ကြီးသည် ရှေးဟောင်း အဆောက်အအုံ အမှတ်(၁) ရွှေစည်းခုံဘုရားတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် ချက်အရ အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိသည့် ရွှေသင်္ကန်းကပ်လှူမှုအခြေအနေ၊ ကျောက်သပိတ်များ သန့်စင်၍ ကြံ့ခိုင်မှုထိန်းသိမ်းခြင်း၊ ရှေးဟောင်း သဲကျောက် ကြမ်းခင်းများ ပေါ်လွင်စေရန် ဆောင်ရွက်ခြင်း၊ ကျန်စစ်သားမင်း အတ္ထုပ္ပတ္တိ ကျောက်စာတိုက် ဆေးပြန်သုတ်ခြင်း၊ ကြေးကူတိုက်လေးလုံး၏ အပြင်ပတ်လည်တွင် စကျင် ကျောက်ခင်းခြင်းစသည့် ပြုပြင် ထိန်းသိမ်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ မှာကြားသည်။

ယင်းနောက် ရှေးဟောင်း အဆောက်အအုံ အမှတ်(၂၃၅) သိကြားပုန်းဘုရားသို့ ရောက်ရှိပြီး ဘုရားလိုဏ်အတွင်းရှိ ရုပ်ပွားတော် မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဘုရားချဉ်းကပ်လမ်း(ဂျင်းရောမြေ) ဖောက်လုပ်နိုင်ရေး စီမံဆောင်ရွက် ထားမှုနှင့် အိန္ဒိယနိုင်ငံ အစိုးရ အကူအညီဖြင့် Archaeological Survey of INDIA (ASI) ပြုပြင် ထိန်းသိမ်းခဲ့သည့် လုပ်ငန်းများကို လှည့်လည်စစ်ဆေးသည်။

ထို့နောက် ပုဂံမြို့ လောကနန္ဒာ စာသင်တိုက်သို့ သွားရောက်ပြီး လောကနန္ဒာ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ မေဃိယအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေး ဆိုင်ရာများ လျှောက်ထားသည်။



ဆက်လက်၍ သဗ္ဗညုဘုရားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်လျက် ရှိသည့် ရှေးဟောင်းအဆောက် အအုံ အမှတ်(၁၅၉၇) သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းခြင်းနှင့် တူးဖော် သုတေသနပြုခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လောကဥသျှောင် ဘုရားတွင် သံပန်း၊ သံတံခါး၊ သံဆန်ခါ တပ်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီး က နံရံဆေးရေး ပန်းချီများသည် တန်ဖိုးကြီးမားပြီး ရှားပါးသော ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ပါ ကြောင်း၊ ခို၊ လင်းနို့ငှက်များကြောင့် နံရံဆေးရေးပန်းချီများ ပျက်စီးစေ နိုင်သည့်အတွက် ဘုရားလိုဏ် အတွင်းသို့ ဝင်ရောက်ခိုလှုံခြင်း မရှိရန် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားပြီး ဇရိယာအလိုက် သန့်ရှင်းရေး ဆောင်ရွက်မှုနှင့် ကန္တာရဆူးပင် ငုတ်များ ရှင်းလင်းဖယ်ရှား ဆောင်ရွက်နေသည့် လုပ်ငန်းခွင် သို့ ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များမှာကြားသည်။

**မှာကြား**

ထို့နောက် ရှေးဟောင်း အဆောက်အအုံ အမှတ်(၁၈၁၂) ထီးလိုမင်းလိုဘုရားတွင် နိုင်ငံတော် အကြီးအကဲ လှူဒါန်းမှုဖြင့် ဆောင်ရွက်နေသော အာရုံခံ အရပ် လေးမျက်နှာနှင့် အပေါ်ထပ်ရှိ ဆင်းတုတော် ကိုးဆူ ရွှေသင်္ကန်း ပြန်လည်ကပ်လှူ ဆောင်ရွက်မှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ရုပ်ပွားတော် မြတ်ကြီးများကို ရေရှည်တည်တံ့နိုင်ရန် လိုအပ် သည့်အကာအရံများ၊ အသိပေး ဆိုင်းဘုတ်များ၊ ငှက်တိရစ္ဆာန် များ ဝင်ရောက်မှုမရှိစေရေး စီမံ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ထီးလိုမင်းလို ဘုရားပရဝဏ်အတွင်း ရင်ပြင် တော် အုတ်ခုံနှင့် စေတီပတ် လျှောက်လမ်းအကြား သဲကျောက် ပြား လျှောက်လမ်းခင်းခြင်းနှင့် ဘုရားချဉ်းကပ်လမ်း(ဂျင်းရောမြေ) ဖောက်လုပ်နိုင်ရေး စီစဉ်ထားမှု တို့ကို ကြည့်ရှုစစ်ဆေး၍ ဘုရားဖူး အများပြည်သူများ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရေး မိုးရွာသွန်းမှုမများမီ လမ်းပြုပြင် ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရန်၊ ရေရှည်ကြံ့ခိုင် စေရေး စနစ်တကျဆောင်ရွက် သွားရန် မှာကြားကြောင်း သိရ သည်။ **သတင်းစဉ်**



## ရေတာရှည်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် လှုပ်ရှားမှုများ ဆောင်ရွက်

**ရေတာရှည် ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် လှုပ်ရှားမှုများကို ယနေ့နံနက် ၁၀ နာရီ က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ရေတာရှည်မြို့နယ်ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ နန္ဒာညီဆွေက အိမ်ထောင်ရှင်အမျိုးသမီးများအနေဖြင့် မိမိတို့နေအိမ်၌ မိသားစုများအတွက် နေ့စဉ်ချက်ပြုတ်သည့်အခါ အာဟာရအုပ်စု သုံးအုပ်စုလုံးမျှတစွာပါဝင်အောင် ချက်ပြုတ်စီမံတတ် စေရန်၊ သန့်ရှင်းလတ်ဆတ်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းစေရန်အတွက် ဒေသထွက် ဟင်းသီးဟင်းရွက်များ သစ်သီးဝလံများကို စျေးနှုန်း သက်သာစွာဖြင့် အာဟာရဓာတ်မပျက်စေရန်၊ အရသာရှိပြီး စားချင် စဖွယ် စီမံတတ်စေရန် နမူနာယူ၍လိုက်နာမှတ်သားကြရန် ပြောကြား ခဲ့သည်။ ဆက်လက်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ ဒေါ်သန်းသန်းမိုးက အာဟာရအုပ်စု သုံးအုပ်စု အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးများ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အာဟာရပစ္စည်း များ ထောက်ပံ့ပေးခြင်း၊ အသက် ခြောက်နှစ်နှင့်အထက် ကလေးငယ်များ အား အာဟာရတိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖြူးမြို့နယ်၌ မိခင်နို့တိုက်ကျွေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် လှုပ်ရှားမှုများဆောင်ရွက်

**ဖြူး ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ မိခင်နို့ တိုက်ကျွေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် လှုပ်ရှားမှုများကို ယနေ့မွန်းလွဲပိုင်းက မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ထိုသို့ ဆောင်ရွက်ရာတွင် ဖြူးမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကျော်မိုးက အာဟာရအကြောင်း အသိပညာ



ပေး ဟောပြောပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဒေဝီမေက ကိုယ်ဝန် ဆောင်နှင့် ကျန်းမာရေးအကြောင်း ကို လည်းကောင်း၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်းက အသက် ငါးနှစ်အောက်နှင့် ကျောင်းသား လူငယ်များ ကျန်းမာရေးအကြောင်း၊ မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်း အကြောင်းကို လည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ တက်ရောက် လာကြသောအသက်ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေ တိုက်ကျွေးခြင်း၊ သန်ချဆေး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင်များအား အာဟာရရှိသော အစားအစာ ပစ္စည်းများ၊ အိုင်အိုဒင်းဆားထုပ် များ လက်ဆောင်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ရွှေကျင်မြို့နယ်၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ရွှေကျင် ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာ ရေးနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း ၍ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု ၂၀၂၄ ခုနှစ် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရွှေကျင်မြို့ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံ အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူ က အဖွင့်အမှာစကားပြောကြားပြီး ရွှေကျင်မြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံ ဆေးရုံအုပ် ဒေါက်တာသိန်းနိုင်လင်းက ယခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနား ကျင်းပရသည့်အကြောင်း



ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီး ကျန်းမာရေးဆရာမ ဒေါ်တင်တင်မိုးက မိခင်နို့စနစ်တကျတိုက်ကျွေး နည်းကို သရုပ်ပြသင်ကြားပေးခြင်းနှင့် အာဟာရဆိုင်ရာ ကျန်းမာရေး ဗဟုသုတများအား အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်သိန်းသိန်းမော်က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

**ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၂၃)လမ်း၊ အမှတ်(၈၈၈)၊ ဦးတင်မောင်အေး အမည်ပေါက် ဂရန်မြေကွက်ပေါ်တွင် တည်ရှိသော တိုက်ခန်းအမှတ်(6-A)၊ ပဥ္စမထပ်(ခေါင်းရင်းခန်း) လူနေတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် တွယ်ဆက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ပိုင်ဆိုင်လျက်ရှိ၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ မြေအမည်ပေါက် ၁။ဦးတင်မောင်အေး [၉/ခအဇ(နိုင်)၀၁၂၃၆၇]၊ ၂။ ဇနီး ဒေါ်ခင်ခင်ရီ[၁၂/စခန(နိုင်)၀၅၄၄၇၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောပြည့်စုံက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါ၍ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား မူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်း အဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**
**ရုံးခန်း-အမှတ် (၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၄၂၁၁၀၂၅၆၄**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ သီရိလမ်း၊ မြေကွက်အမှတ်(၃၆၅)၊ ဦးမြင့်ငွေ အမည်ပေါက်သော မြေချပါမစ်မြေကွက်ဖြစ်ပြီး အကျယ်အဝန်း ဧရိယာ (အလျား ၄၀ ပေ x အနံ ၆၀ ပေ) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (အလျား ၂၀ ပေ x အနံ ၆၀ ပေ) ဧရိယာ (၁၂၀၀) စတုရန်းပေ အကျယ်အဝန်းရှိ ခြေရင်းဘက်ခြမ်းမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဦးနိုင်နိုင် [၁၂/ဥကတ(နိုင်)၁၂၅၅၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထား မူရင်းများ ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုမြတ်မွန်( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၃၁)**
**အမှတ် (၁၂၉၉)၊ ယောမင်းကြီး (၁)လမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၈၀၂၄၂၀၀**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း (၃)လမ်း၊ တိုက်အမှတ်(၂၆၃) (၅)လွှာ၊ ခေါင်းရင်းခန်းဟုခေါ်တွင်တည်ရှိသည့် တိုက်ခန်းကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်ခင်သန်းဆွေ [၁၂/ဥကမ (နိုင်) ၁၄၂၄၅၈] ကိုင်ဆောင်သူထံမှ ဒေါ်ဇာခြည်အောင်[၁၂/တမန (နိုင်)၀၈၁၁၃၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်အောင်**
**[၁၂/တမန(နိုင်)၀၈၁၁၃၆]**
**တိုက် (၂၀၅)၊ မြေညီထပ်၊ ၃၇လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၂၆၇၀၃၀၄၈၁၊ ၀၉- ၅၄၀၂၆၇၀**

---

### အများသိစေရန်ကြေညာချက်

၁။ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၅)၊ မြေကွက်အမှတ်(၅၃/ခ)၊ (၁)ရပ်ကွက်၊ ရွှေရတနာလမ်း၊ အမှတ်(၅၃/ခ)တွင် (၈)ထပ်တိုက် (Roof Slab) (Lift ပါ)အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင် ဒေါက်တာသစ်လွင်၊ လိုင်စင်ရကန်ထရိုက်တာ ဦးမြင့်အေး (LC-470) နှင့် လိုင်စင်ရအင်ဂျင်နီယာ ဦးတေဇာအောင် (LS-1476) တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၁၃-၃-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၅၉၀၆/၅၉၀၉/စည်ပင်-ယာ(အုံ) ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ (၈)ထပ်တိုက် (Roof Slab) (Lift ပါ) အဆောက်အဦ ဆောက်လုပ်ခွင့်အား ဆောက်လုပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ပိတ်သိမ်းခွင့်ပြုပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာနှင့် လိုင်စင်ရအင်ဂျင်နီယာတို့မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၃ က၊ မြေကွက်တည်နေရာအမှတ်(၆)၊ သံသုမာလမ်းမကြီး၊ (ဃ)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးဘတင် အမည်ပေါက် ဘီမြေအား သင်္ဃန်းကျွန်း ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၄၃/၂၀၂၂(၃၀-၉-၂၀၂၂)၏ စီရင်ချက်နှင့် တရားမဇာရီမှုအမှတ် -၅၈၆/၂၀၂၂(၂၄-၂-၂၀၂၄)၏ ထုံးပုံကျအပြီးသတ်အမိန့်အရ (တရားရှုံး)ဦးဝင်းမြင့်၊ ဦးဝင်းနိုင်၊ ဦးဘတင်တို့ကိုယ်စား တရားဝင်မခွဲမစိတ်ရသော မြေကွက်ကြီး၏ အစိတ်အပိုင်း(၂၅x၆၀)ပေကို ဘီလစ် ဒေါ်ခင်ခင်ထွေးမှ လက်မှတ်ရေးထိုးချုပ်ဆိုပေးသည့် အရောင်းအဝယ်စာချုပ်အမှတ်-၈၄၃၁/၂၀၂၃ (၃၀-၁၁-၂၀၂၃)ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ဝင်းကြည် [၁၂/မဂတ(နိုင်)၀၁၃၃၀၂]မှ အရောင်းအဝယ်စာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ တစ်ဖက်သတ် မြေကွက်ခွဲစိတ်ရန်အတွက် မြေတိုင်းနှင့် မြေကွက်ခွဲမြေပုံလျှောက်ထားလာမှု အပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ကြော်ငြာစာ**
**အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ**
**( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ )**
**ကျောက်တံတားခရိုင်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၁၃**

ကွယ်လွန်သူများဖြစ်သော ဒေါ်မမကြီး(ခ) ခတီဇာဘီဘီနှင့် ဒေါ်လှကြည် (ခ) ဒေါ်အရှာဘီတို့၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

**အပွဒူလာ(ခ) ဦးမြင့်စိုး -------- လျှောက်ထားသူ။**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-ဒီ-၃ (ပဥ္စမတန်းစား) မြေကွက်အမှတ်- ၄/၅၊ မြေဧရိယာ ၅၀ ပေ x ၅၀ ပေ(မြေပိုင်မြေ) ပေါ်ရှိ အမှတ်-၁၈၈/၁၉၀၊ (၂၉)လမ်း၊ ပန်းဘဲတန်းမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူအဘွားဒေါ်မမကြီး(ခ) ခတီဇာဘီဘီ နှင့် မိခင်ဖြစ်သူ ဒေါ်လှကြည်(ခ) ဒေါ်အရှာဘီတို့၏ ကျန်ရစ်သော ပစ္စည်းများအပေါ် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၁၈ အရ အမွေထိန်းစာထုတ်ပေးပါရန် ၎င်းတို့၏ တစ်ဦးတည်းသော မြေးနှင့်သားဖြစ်သူ အပွဒူလာ(ခ) ဦးမြင့်စိုးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် (၁၃၈၆ခု၊ ဝါခေါင်လဆန်း ၁၂ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူများဖြစ်သော အဘွား ဒေါ်မမကြီး(ခ) ခတီဇာဘီဘီနှင့် မိခင်ဖြစ်သူ ဒေါ်လှကြည်(ခ) ဒေါ်အရှာဘီတို့၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် (၁၃၈၆ ခု၊ ဝါခေါင်လဆန်း ၁၂ ရက်)နေ့ နံနက် (၁၀)နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ အပွဒူလာ(ခ) ဦးမြင့်စိုး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန့်စင်ငြိမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ကျောက်တံတားခရိုင်တရားရုံး**

---

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အသိအမှတ်ပြု အကြီးတန်းလိုင်စင်ရ ကန်ထရိုက်တာ ဦးခင်မောင်ဇော်(LC -၃၇၄) [၁၂/ဗဟန(နိုင်)၀၆၆၇၅၄] ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်လှဲ့လှဲ့အောင် [၁၂/မဂတ(နိုင်)၀၆၄၉၉၅]မှ ကန်ထရိုက်တာလိုင်စင် အာမခံကြေး သန်း (၅၀) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ထုတ်ယူခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက အထောက်အထားများနှင့်အတူ ကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**အင်ဂျင်နီယာဌာန (အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ မြေကွက်အမှတ် (၅၉)ပေါ်တွင်ဆောက်လုပ်ထားသည့် (၄)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အဦး၏ ဒုတိယထပ် (၂-လွှာ)၊ (၁၄၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သက်သက်အောင် (၁၂/အစန (နိုင်) ၁၆၈၈၃၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှ ( ၁၄ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဇင်မာသက် LL.B** | **ဒေါ်ဂဲပါလှိုင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၅၇၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၆၅၀)** |

အမှတ်-၅၀၊ အခန်း (A-၂၀)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၂၅၀၂၅၃၈၂၊ ၀၉ ၄၂၀၀၆၃၄၉၉

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ မြေကွက် အမှတ်(၈၄၆) (က)ဟုခေါ်တွင်ပြီး အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ) အကျယ်အဝန်းရှိသည့် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးသန်းထွန်း [၁၃/ရစန(နိုင်)၀၀၀၅၄၅] ဟု မှတ်သားတည်ရှိပြီး ၎င်းပါမစ်မြေအား ဦးစိုးမင်းလတ် [၁၂/ဒဂတ(နိုင်)၀၄၁၃၈၉] မှ အဆက်ဆက်စာချုပ်ဖြင့် တရားဝင် လက်ရောက် ပိုင်ဆိုင် ထားပြီး ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်ဇင်အေး [၅/ရဘန(နိုင်) ၁၃၁၆၄၀] မှ ဝယ်ယူရန် စရန်တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယမင်းသီရိ**
**[၁၂/ဒဂတ(နိုင်)၁၀၀၇၁၄]**
**၀၉-၂၅၁၄၂၃၈၃၆၊ ၀၉-၅၁၆၀၂၀၆**
**အမှတ်-၁၃၄၈၊ သိမ်ချောင်းလမ်း၊ ၂၁-ရပ်ကွက်၊ တောင်ဒဂုံ။**

---

# ဒေါ်လေးတင့်
## ကနီမြို့
## အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၃လမ်း၊ အထက်ဘလောက်၊ တိုက်အမှတ်-၁၈၂/၂(ခ)နေ (ဦးက-ဒေါ်ကောင်း-ဒေါ်မြစိန်)တို့၏သမီး၊ ဦးဖိုးဟန်-ဒေါ်အုံးကြွေတို့၏ သမီးချွေးမ၊ ဦးလှရိုန်၏ချစ်လှစွာသောဇနီး၊ ဦးဘိုသိန်း၊ ဒေါ်စမ်းစမ်းမြင့်၊ ဦးသန်းဟိန်း၊ ဒေါ်ခင်စမ်းတင့်၊ ဦးထိန်လင်းတို့၏အစ်မ၊ ဒေါ်ခင်ဝေ၊ ဒေါ်ကေသွယ်ရိုန်၊ (ဦးချမ်းငြိမ်း)၊ ဦးတိုးတိုးတို့၏ မွေးသမိခင် ဒေါ်သန်းသန်းဝင်း(ပုသိမ်)၏အဒေါ်၊ မောင်စွမ်းထက်ရွှေ၏အဖွား ဒေါ်လေးတင့်သည် ၁၂-၈-၂၀၂၄ (တနင်္လာနေ့) နံနက်၆:၄၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၂၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၂)နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းစွာ အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ တိုက်အမှတ်(၄၀)၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ (တတိယထပ်)၊ အခန်း(4-B)၊ အကျယ်အဝန်း(၁၂ ၁/၂ ပေx၅၀ပေ)ရှိ တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်**

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်အေးအေးလွင်[၁၃/မပတ(နိုင်)၀၂၃၄၂၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်း အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

---

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သမိုင်း၊ ခနောသိဒ္ဓိလမ်း၊ အမှတ်( ၄၆ )ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်အနက် (ဆောက်လုပ်ဆဲတိုက်အား မျက်နှာမူ၍ရေတွက်လျှင်) **လက်ယာဘက်ခြမ်း (ထပ်ခိုးတစ်ဝက်ပါ) မြေညီထပ်၊** အကျယ်အားဖြင့် (၁၁ x ၅၀)ပေရှိ တိုက်ခန်းတစ်ခန်း၊ ယင်းတိုက်ခန်းအတွက် ကိုယ်ပိုင်လျှပ်စစ်မီတာတစ်လုံး၊ ရေမော်တာပါဝင်မည့် ရေ၊ မီးအစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလကန်ထရိုက်တာ ဦးလမင်းအောင် [၁၂/တကန(နိုင်) ၂၅၀၁၃၉]ထံမှ ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူထားသူ ရောင်းချသူ ဦးမျိုးမင်းနိုင် [၁၂/အစန(နိုင်)၂၅၉၈၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ကြိုပွိုင့်စနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် (၁၀-၈-၂၀၂၄)ရက်နေ့၌ စရန်ပေးစာချုပ်ချုပ်ဆို၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူသည့် ဤတိုက်ခန်း အရောင်းအဝယ်အား ဤကြော်ငြာပါသည့်နေ့မှစ၍ (၃၁-၈-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ အကျိုးသက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာ အထောက်အထားမူရင်းများနှင့်တကွ အားမနာတမ်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးစိုးမြင့်နိုင် [၈/သရန(နိုင်)၀၇၇၇၀၉]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနေဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၃)**
**တိုက် (၄၁)၊ အခန်း (ဘီ-၃)၊ ဒုတိယထပ်၊ (၁၁)လမ်း၊ (၃) ရပ်ကွက်၊ လှိုင်မြို့နယ်။**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေး ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ **ဗဟန်းမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅အိပ်ချ် မြေကွက်အမှတ်(၁၂၁)၊ အဆောက်အအုံအမှတ်-၄၁ တွင် ဆောက်လုပ်ထားသော (၇)ထပ်တိုက်၏ ၅-လွှာ(စတုတ္ထထပ်)၊ အကျယ်အဝန်း (၂၀)ပေx(၄၀)ပေရှိ တိုက်ခန်း**နှင့် ယင်းနှင့်ဆက်စပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက် (ဆောက်လုပ်သူ)ထံမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လက်ဝယ်ရှိသူ **(၁)ဒေါ်သီဂီမြင့် [၁၁/စတန(နိုင်)၀၅၁၇၄၁]၊ (၂)ဦးသိန်းထွန်းမောင် [၁၁/စတန(နိုင်)၀၅၅၇၀၈]**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ခိုင်သပြေအောင် [၁၃/တကန(နိုင်) ၂၁၇၆၇၁]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထား စာရွက်စာတမ်း မူရင်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်ပြီးလျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြသက်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၈၂၉)**
**အမှတ်(၄၃)၊ မင်းရဲကျော်စွာလမ်း၊ (၁)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-420041938**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၇၅/က)၊ မြေကွက်အကျယ် (၂၀ပေx၆၀ပေ) အကျယ်အဝန်းရှိ ဦးလှဟန် (AB-၀၅၅၃၆၀)၊ ဒေါ်စန်းကြည် (AA-၀၆၁၂၅၃)တို့ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဝဇီရာ(၄)လမ်း၊ အမှတ်(၁၇၅/က) ဟုခေါ်တွင်သည့် နေအိမ်တို့ကို ဒေါ်ကေဇင်ဝင်း[၁၂/လကန(နိုင်)၂၁၀၈၁၄]မှ အရပ်ကတိ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်မြင့် ( LL.B,D.B.L,D.M.L,D.I.L )** | **ဦးကျော်ဝင်းလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၈၃)(၂၈-၆-၁၉၉၁)** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊** | **(စဉ်-၁၇၄၇၇)(၂၁-၁၂-၂၀၂၁)** |
| **တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၃၀၃၂၁၈၁** | **ဖုန်း-၀၉-၄၂၁၀၈၆၁၆၀** |

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းအလယ်ရွာ၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂၊ မြေကွက် အမှတ် (၄၀၂)၊ ဧရိယာ (၀. ၀၅၅) ဧက၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ ဒေါ်ကြည်ဝင်းအမည်ဖြင့် မှတ်သားတည်ရှိသော နှစ် (၆၀) မြေငှားဂရန် အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးဝေဠု [၁၂/ဗဟန(နိုင်)၀၁၆၆၇၂] မှ ဆက်စပ်အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု ပြောဆိုရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်စုသီတာ [၁၄/မအပ(နိုင်)၁၈၆၃၅၃] မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်နေ့မှ (၇) ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုသီတာ [၁၄/မအပ(နိုင်)၁၈၆၃၅၃]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုင်းမျိုးထက် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၁၉၄၁/၃-၉-၂၀၀၉)**
**အမှတ်(က/၉၁၁)၊ သုဇိတာ (၂) လမ်း၊ (၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉- ၇၉၆၉၆၉၃၃၅**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ထောင်စု၏အင်အားသည် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတို့၏ ပေါင်းစည်းအားပင်ဖြစ်ပါသည်။ ထိုပေါင်းစည်းအားသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပေါ်တွင် တည်မှီနေပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)




## တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်အား ပေါင် ၈၁ ဒသမ ၅ သန်းဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်း ခေါ်ယူ

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းတိုက်စစ်မှူး အယ်လ်ဗာရက်ဇ်ကို စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၈၁ ဒသမ ၅ သန်းဖြင့် ခြောက်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ☆

## မြန်မာအမျိုးသမီးလိဂ်တွင် အား/ကာသိပ္ပံအသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်း အနိုင်ရ

ရန်ကုန် ဩဂုတ် ၁၃

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) ပထမနေ့ကို ဩဂုတ် ၁၃ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်း အနိုင်ရခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်းက ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နည်းပြအပြောင်းအလဲပြုလုပ်ထားသည့် ရှမ်းယူနိုက်တက်အသင်းသည် ရှုံးပွဲဆက်နေမှုကို အဆုံးသတ်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း နောက်ကျဂိုးကြောင့် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ရသည်။

လက်ရှိချန်ပီယံ မြဝတီအသင်းသည် နိုင်ပွဲထပ်မံရယူနိုင်ခဲ့ပြီး တတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ၂၇ မိနစ်တွင် ဝင်းစန္ဒာက ရှမ်းယူနိုက်တက်အသင်းအတွက် စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ❖



မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက် နိုင်ပွဲယူပြီး ဆက်လက်ဦးဆောင်

ရန်ကုန် ဩဂုတ် ၁၃

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁) ဒုတိယနေ့ကို ဩဂုတ် ၁၃ ရက်က ဗဟန်းမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရရှိကာ အမှတ်ပြည့်ရယူပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ရှစ်မိနစ်တွင် ကောင်းထက်နှင့် ၂၇ မိနစ်တွင် ဟိန်းသန့်တို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၀ ပွဲကစား ၂၆ မှတ်၊ ရတနာပုံအသင်းက ၁၀ ပွဲကစား ၁၂ မှတ် ရရှိထားသည်။

ပွဲစဉ်(၁၁) တတိယနေ့ကို ဩဂုတ် ၁၄ ရက်တွင် စလင်းကွင်း၌ Dagon Port အသင်းနှင့် Junior Lions အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ ရေဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကိုညီလေး

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၁၃

| | |
|---|---|
| မိတ္ထီလာ | ၂ ဒသမ ၉၁ လက်မ |
| မိုင်းဆတ် | ၂ ဒသမ ၅၂ လက်မ |
| ဂွ | ၂ ဒသမ ၄၈ လက်မ |
| မဒေါက် | ၂ ဒသမ ၄၈ လက်မ |
| မာန်အောင် | ၂ ဒသမ ၂၈ လက်မ |
| ရွှေကျင် | ၂ ဒသမ ၁၆ လက်မ |
| ကော့ကရိတ် | ၂ ဒသမ ၁၆ လက်မ |
| သာစည် | ၁ ဒသမ ၇၆ လက်မ |
| ပင်လောင်း | ၁ ဒသမ ၇၃ လက်မ |
| မိုင်းယန်း | ၁ ဒသမ ၅၇ လက်မ |

**ယနေ့** ဖတ်စရာ


နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ လက်ကိုင်ဖုန်းလေးလုံးနှင့် မော်တော်ယာဉ်တစ်စီး လုယက်ယူဆောင်ခဲ့သူ တရားခံနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ
စာမျက်နှာ » ၁၄

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်၍ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ စုစုပေါင်း ငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင် ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ်စာချုပ်အား လုယက်မှုကျူးလွန်သူ တရားခံလေးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ
စာမျက်နှာ » ၁၅